ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန

# ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်း ဖွံ့ ဖြိုးတိုးတက်မှုအပေါ် လေ့လာခြင်း

ဦးကျော်ဇောသွင် ၊ ဦးမြင့်အောင်
ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန

၂၀၀၂ ခုနှစ်၊ ဇွန်လ

# လေ့လာတင်ပြချက်အကျဉ်း

သစ်တောဦးစီးဌာနသည် ချမှတ်ထားသော ရည်မှန်းချက်များကို သစ်တောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းကြီးကိုလည်း လမ်းညွှန်အဖြစ် ပြုစုရေးဆွဲထားပြီး ဖြစ်ပါသည်။ ၎င်းနှစ် ၃၀ စီမံကိန်း၏ နောက်ဆုံးနှစ် (၂၀၃၀-၂၀၃၁ ခုနှစ်)တွင် ထင်းကုဗတန် ၄ သန်းခန့် (ပြည်သူလူထုတစ်ရပ်လုံး ထင်းလိုအပ်ချက်၏ ၂၅%) ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှ ထုတ်လုပ်ပေးရန် လျာထားပါသည်။ ယင်းလိုအပ်ချက်ကို ရရှိရန်အတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော (စိုက်ခင်းနှင့်သဘာဝတော) စုစုပေါင်း ဧက ၂.၂ သန်းကို တည်ထောင်ရမည်ဖြစ်ပါသည်။ နှစ်စဉ်တည်ထောင်ရမည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧရိယာမှာ ဧက ငါးထောင်ကျော်မှ နှစ်သိန်းသုံးသောင်းကျော် ရှိပါသည်။ ပြည်သူလူထု၏ အခြားလိုအပ်ချက်များကိုလည်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများမှ ဖြည့်ဆည်းပေးရန်ဖြစ်သဖြင့် အလွန်အရေးကြီးသော လုပ်ငန်းကြီး ဖြစ်ပါသည်။ ယင်းလုပ်ငန်း ကြီးအောင်မြင်ရေးကို ရှေ့ရှု၍ ဒေသတွင်း နိုင်ငံများမှ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောဖွံ့ဖြိုး တိုးတက်မှုများ၊ မိမိနိုင်ငံ၏ လက်ရှိအခြေအနေ၊ ပြည်သူတို့၏ အခြေခံလိုအပ်ချက်၊ အောင်မြင်မှုရရှိရန် အခြေခံကောင်းများ၊ အခက်အခဲ အကန့်အသတ်များ၊ သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် လေ့လာတင်ပြထားပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အာရှပစိဖိတ်နိုင်ငံအချို့တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖြစ်ပေါ် ပြောင်းလဲမှုများ | ၂ |
| | ၂-၁။ နီပေါနိုင်ငံ | ၂ |
| | ၂-၂။ အိန္ဒိယနိုင်ငံ | ၃ |
| | ၂-၃။ ထိုင်းနိုင်ငံ | ၃ |
| | ၂-၄။ ဖိလစ်ပိုင်နိုင်ငံ | ၄ |
| | ၂-၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၄ |
| | ၂-၆။ လာအိုနိုင်ငံ | ၅ |
| | ၂-၇။ ဗီယက်နမ်နိုင်ငံ | ၆ |
| ၃။ | ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း | ၆ |
| | ၃-၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက် | ၆ |
| | ၃-၂။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း | ၈ |
| ၄။ | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ပြည်သူတို့၏ အခြေခံ လိုအပ်ချက် / သဘာဝ ဝန်းကျင်ထိန်းသိမ်းရေး ဆက်စပ်မှု | ၁၀ |
| | ၄-၁။ ပြည်သူတို့၏ အခြေခံလိုအပ်ချက်နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော | ၁၀ |
| | ၄-၂။ သဘာဝဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ | ၁၁ |
| ၅။ | ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ အခွင့်အလမ်းနှင့် အကန့်အသတ်များ | ၁၁ |
| | ၅-၁။ အခွင့်အလမ်းများ | ၁၁ |
| | ၅-၂။ အကန့်အသတ်များ | ၁၄ |
| ၆။ | သုံးသပ်အကြံပြုချက် | ၁၈ |
| ၇။ | ရှေ့အလားအလာ | ၁၉ |

## နောက်ဆက်တွဲများ


| | | |
|---|---|---|
| (က) | HDI စီမံကိန်းဧရိယာများအတွင်း တည်ထောင်ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော များစာရင်း | ၂၀ |
| (ခ) | HDI စီမံကိန်းဧရိယာပြင်ပ၌ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်မှု အခြေအနေ | ၂၀ |
| (ဂ) | အိမ်ထောင်စု တစ်စု၏ နှစ်စဉ် သစ်တောထွက်ပစ္စည်းအသုံးပြုမှုနှုန်း | ၂၁ |
| (ဃ) | ကျေးလက်နေလူဦးရေ၊ အိမ်ထောင်စုနှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက် | ၂၂ |
| (င) | လောင်စာစွမ်းအင်သုံးစွဲမှုရာခိုင်နှုန်းရည်မှန်းချက်များ | ၂၃ |
| (စ) | ထင်းလောင်စာရရှိသည့်နေရာနှင့် ပမာဏ | ၂၃ |
| (ဆ) | စိုက်ခင်းအမျိုးအစားအလိုက် ၂၀၀၀ ပြည့်နှစ်အထိ တည်ထောင်ပြီးစိုက်ခင်းများ | ၂၄ |
| (ဇ) | ပြည်နယ်/တိုင်းအလိုက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပြီးဧရိယာ | ၂၄ |
| (ဈ-၁) | ညောင်ရွှေမြို့နယ်အတွင်း တည်ထောင်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော များနှင့် အခြေခံရည်ရွယ်ချက်များ | ၂၅ |
| (ဈ-၂) | ညောင်ရွှေမြို့နယ်အတွင်း တည်ထောင်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော များနှင့် အခြေခံရည်ရွယ်ချက်များ | ၂၆ |
| ကျမ်းကိုးစာရင်း | | ၂၇ |

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် လေ့လာခြင်း

### ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် သစ်တောများဖြင့် ဖုံးလွှမ်းဧရိယာ ၁၃၂,၇၁၅ စတုရန်းမိုင်ရှိပြီး ကြိုးဝိုင်းတော ၆၂,၅၇၈ စတုရန်းမိုင်နှင့် ကြိုးပြင်ကာကွယ်တော ၄၀,၁၃၇ စတုရန်းမိုင် ပါဝင်ပါသည်။ ဒေသခံ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်၏ စီးပွားရေးအတွက် သစ်တောထွက် ပစ္စည်းများထုတ်လုပ်နိုင်ရန် စီးပွားဖြစ်သစ်ထုတ်ကြိုးဝိုင်း၊ ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်း၊ ရေဝေရေလဲ ထိန်းသိမ်းရေးကြိုးဝိုင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းရေးကြိုးဝိုင်းနှင့် အခြားကြိုးဝိုင်း အမျိုးအစားများ သတ်မှတ်ဖွဲ့စည်းထားပါသည်။

ထိုသို့ခွဲခြားထားသည့်အနက် ဒေသန္တရထောက်ပံ့ရေး ကြိုးဝိုင်းတွင် ဒေသန္တရထောက်ပံ့ရေး အလုပ်တိုက်နယ်များ ဖွဲ့စည်း၍ ကျေးလက်နေပြည်သူများအား သစ်တောထွက်ပစ္စည်း ထောက်ပံ့ရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ ၅၁ သန်း၏ ၇၆% ခန့်သည် ကျေးလက်တွင်နေထိုင် ကြပါသည်။ ကျေးလက်ပြည်သူများ လိုအပ်သော ထင်း၊ ဝါး၊ မျော၊ တိုင်နှင့် အခြား သစ်တောထွက် ပစ္စည်း ရရှိရေး အတွက် သစ်တောဦးစီးဌာနက နှစ်စဉ်ခုတ်ကွက်များ ဖွင့်ပေးပါသည်။ လက်မှတ်စနစ်ဖြင့် အခွန်တော် ကောက်ခံပါသည်။ ကျေးရွာမှ မိုင်၂၀ အတွင်းရှိ သစ်တောမှ မိမိသုံးသစ်များ ထုတ်ယူရန် သစ်တောနည်းဥပဒေ (၂၅)၊ (၁၉၀၂) အရ ခွင့်ပြုထားပါသည်။ သာသနာရေး၊ လူမှုရေးနှင့် အများသုံး အဆောက်အဦး (ဥပမာ-တံတား၊ ကျောင်း) တို့အတွက် အခွန်တော်ပင် ကောက်ခံခြင်းမပြုပါ။ မည်သို့ ဆိုစေ ကျေးလက်ပြည်သူများမှာ အုပ်ချုပ်သူ (ဌာန/အစိုးရ)၏ ခွင့်ပြုချက်အရ ထုတ်ယူသုံးစွဲခြင်းသာ ဖြစ်၍ ယင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိပါ။ သစ်တော အုပ်ချုပ်ရေးမှာလည်း ဗဟို ချုပ်ကိုင်သော စနစ် ဖြစ်ပါသည်။ သစ်တောဦးစီးဌာန (အစိုးရ) ကသာ အာဏာပိုင်ပါသည်။

ဤဗဟိုချုပ်ကိုင်သောစနစ်ကို စတင်ကျင့်သုံးသည့်အချိန်က မြန်မာနိုင်ငံ၏ သစ်တောသယံဇာတ မှာ အလျှံပယ် ကြွယ်ဝနေသည့်အပြင် လူဦးရေမှာလည်း ၁၆ သန်းခန့်သာ ရှိပါသည်။ ကျေးလက်ပြည်သူ တို့အတွက် သစ်တောထွက် ပစ္စည်းရရှိသုံးစွဲရန် အခက်အခဲလုံးဝမရှိပါ။ ယခုအခါ နိုင်ငံတော်၏ လူဦးရေမှာ သန်း ၅၀ ကျော် ရှိလာပြီ ဖြစ်ပါသည်။ ဤတိုးတက်လာသော လူဦးရေမှ သစ်တောထွက်ပစ္စည်းကို အဓိက မှီခိုသူ ကျေးလက်နေ ပြည်သူများအတွက် အကြမ်းအားဖြင့် ပျမ်းမျှတစ်နှစ်လျှင် သစ်မာကုဗတန် ၆.၅ သိန်း တိုင် ၁.၁ သိန်း၊ မျော ၁.၁၉ သိန်း၊ ထင်း ကုဗတန် ၁၈ သန်း၊ ဝါးလုံးရေ ၁၂၁ သန်းနှင့် ဓနိဖျာစ် သန်း ၈၀ ခန့် လိုအပ်နေပါသည်။ စနစ်တကျ စီစဉ်ခွင့်ပြုခြင်း မပြုလုပ်နိုင်ပါကရနိုင်သော နေရာမှ ထုတ်လုပ် ကြမည်သာ ဖြစ်ပါသည်။ တရားမဝင် သစ်ထုတ်လုပ်မှုများနှင့် သက်ဆိုင်ရာ တော၏ ထုတ်လုပ်နိုင်မှုထက် ကျော်လွန်၍ စည်းကမ်းမဲ့ထုတ်လုပ်မှုများရှိသဖြင့် သစ်တောများ ပျက်စီးလာပါသည်။ နေထိုင်ရန် မြို့ရွာ များတိုးချဲ့ခြင်း၊ အလုပ်ရုံစက်ရုံများ တည်ဆောက်ခြင်း၊ ကုန်ကြမ်းစိုက်ပျိုးရန် မြေလိုအပ်ခြင်းနှင့် စားနပ်ရိက္ခာစိုက်ပျိုးရန် ခုတ်ထွင်ရှင်းလင်းခြင်းတို့ကြောင့်လည်း သစ်တောဧရိယာ လျော့နည်းလာပါ သည်။ မြန်မာနိုင်ငံတွင် ၁၉၇၄ မှ ၁၉၈၉ ခုနှစ်အတွင်း နှစ်စဉ် သစ်တောဧရိယာ ၅၅၄,၀၆၀ ဧက ပျက်ဆီး ကြောင်းတွေ့ရှိရပြီး၊ သစ်တောပျက်စီးသဖြင့် သဘာဝဝန်းကျင်လည်း ပျက်စီးလာပါသည်။ ထိုပျက်စီးမှုကို

သစ်တောဥပဒေအရ အရေးယူခြင်းဖြင့် မတားဆီးနိုင်ခဲ့ပါ။ အကြောင်းအမျိုးမျိုးကြောင့် သစ်တောများ နှစ်စဉ်ဆုံးရှုံးပျက်စီးလျက်ရှိပါသည်။ အဓိက အကြောင်းရင်းမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှု မရှိခြင်းပင် ဖြစ်ပါသည်။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ရရှိရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာနသည် တိုးချဲ့ပညာပေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်နေပါသည်။ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမရှိသော ဥပဒေများကို ရုပ်သိမ်း၍ သစ်တောဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ခေတ်နှင့်အညီ ကျယ်ပြန့်သောမူဝါဒကို ချမှတ်ခဲ့ပါသည်။ နည်းဥပဒေမပြဋ္ဌာန်းနိုင်မီ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ ပါသည်။

ဤညွှန်ကြားချက်အရ ဒေသခံပြည်သူများက အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာကြပါသည်။ အလားအလာ ကောင်းများလည်း ပေါ်ထွက်လျက် ရှိပါသည်။ ဤသို့ သမရိုးကျ သစ်တောအုပ်ချုပ် လုပ်ကိုင်မှုမှ ပြည်သူလူထု ပူးပေါင်းပါဝင်သော စနစ်သစ်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို ဤစာတမ်းတွင် အကျဉ်းအားဖြင့် လေ့လာ တင်ပြထားပါသည်။ ထို့ပြင် မိမိတို့နိုင်ငံနှင့် ဆက်စပ်လျက်ရှိသော နိုင်ငံအချို့တွင် ဤဖြစ်စဉ်နှင့် ပတ်သက်၍ ဖွံ့ဖြိုး တိုးတက်မှုကိုလည်း သိရှိနိုင်ရန် အတိုချုပ် တင်ပြထားပါသည်။

## ၂။ အာရှပစိဖိတ်နိုင်ငံ အချို့တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖြစ်ပေါ် ပြောင်းလဲမှုများ

မြန်မာ၊ အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ နီပေါကဲ့သို့သော အာရှပစိဖိတ်နိုင်ငံများတွင် သစ်တောများ ပြန်လည်ဖွံ့ဖြိုးရေး၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ဆက်လက်ရရှိရေးတို့အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အသွင်အမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါ သည်။ Community Forestry, Social Forestry, Participatory Forest Management, Joint Forest Management အစရှိသဖြင့် ဒေသခံပြည်သူအစုအဖွဲ့များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ Participatory Forest Management ကို စမ်းသပ် ကြိုးပမ်းလာသည့် အကြောင်းရင်းတစ်ရပ်မှာ ယခင်က အဓိကကျင့်သုံးခဲ့သည့် Regulatory and Revenue-Generation Forest Management သည် ယနေ့ခေတ် အခြေအနေများနှင့် ဆီလျော်မှုမရှိတော့၍ ဖြစ်ပါ သည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အပူပိုင်းဒေသသစ်တောများ ဆုံးရှုံးမှုမှာ ၁၉၈၁ နှင့် ၁၉၉၀ ခုနှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၁.၉ သန်းခန့် ပျက်စီးခဲ့ကြောင်း ခန့်မှန်း အစီရင်ခံ ထားပါသည်။

### ၂-၁။ နီပေါနိုင်ငံ

၂၀၀၀ ပြည့်နှစ်၊ နှစ်ကုန်တွင် FUG (Forest User Groups) အဖွဲ့အစည်း ၉,၇၀၀ ကျော်ရှိပြီး သစ်တောဧရိယာ ဟက်တာ ၆.၅ သိန်း ကို ထိန်းသိမ်းကာကွယ် စီမံအုပ်ချုပ်လျက် ရှိပါ သည်။ ဆက်လက်၍ ဧရိယာ ဟက်တာ ၃.၅သန်းနှင့် FUG အဖွဲ့အစည်းပေါင်း ၅၀၀၀၀ အထိ

တိုးမြင့်နိုင်မည်ဟု ခန့်မှန်းထားပါသည်။ ဟက်တာ၃.၅ သန်းမှာ တစ်နိုင်ငံလုံး သစ်တော ဧရိယာ၏ ၆၁% ခန့် ဖြစ်ပါသည်။ သစ်တောဥပဒေတွင် FUG ကို လူမှုအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားပြီး၊ ၄င်းတို့ပိုင်သော တောကို စီမံအုပ်ချုပ်ရန် တရားဝင်ခွင့်ပြုပါသည်။ ထို့ပြင် သစ်တောဥပဒေအရ FUG သည် တာဝန်ပျက်ကွက်သူ အဖွဲ့ဝင်ကို အပြစ်ပေးရန်ကိုလည်း ခွင့်ပြုထားပါသည်။ သို့သော် အဓိပ္ပါယ်ရှိသော ပါဝင်ပူးပေါင်းမှု တွေ့မြင်ရခြင်းမရှိကြောင်း သုံးသပ်ချက်တွေ့ရှိရ ပါသည်။

## ၂-၂။ အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ကျေးလက်ပြည်သူများကို အခြေခံသည့် သစ်တောပူးပေါင်း အုပ်ချုပ်မှု (Joint Forest Management-JFM) ကို တက်ကြွစွာ အကောင်အထည်ဖော်သောနိုင်ငံ ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်၊ နှစ်ဦးပိုင်းတွင် သစ်တောဧရိယာ ဟက်တာ ၁၀.၂၅သန်း ကို JFM ပေါင်း ၃၆,၁၃၀ မှ စီမံအုပ်ချုပ်လျက် ရှိပါသည်။ အစိုးရအမိန့်များ ထုတ်ပြန်၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ၂၀၀၀ ပြည့်နှစ်၊ နှစ်ဦးပိုင်းအထိ အစိုးရအမိန့် ၂၃ ခု ထုတ်ပြန်ပြီး ဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းမှုများကို အမှာခံပြု၍ ဖော်ဆောင်ခြင်း ဖြစ်ပါသည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် ပြည်ပလှူဒါန်းငွေကို အားပြု၍ JFM/PFM ကို ဖော်ဆောင်ခဲ့ပြီး၊ လက်ရှိတွင် အလှူရှင်အဖွဲ့အစည်း ၁၈ ခု၏ အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး အလှူငွေဖြင့် JFM/PFM စီမံကိန်းကို ပြည်နယ် ၁၅ ခု ၌ ဆောင်ရွက်လျက် ရှိပါသည်။ အိန္ဒိယအစိုးရမှလည်း ရန်ပုံငွေ တိုက်ရိုက် ချမှတ်ပေးပါသည်။ အလှူငွေများဖြင့် ဖော်ဆောင်လုပ်ကိုင်လျက်ရှိသော JFM စီမံကိန်းများ၏ နောင်ရေးကို ယခုအခါ စိုးရိမ်ပူပန်လျက်ရှိပြီး နည်းလမ်းသစ်များ ရှာကြံလျက် ရှိပါသည်။

## ၂-၃။ ထိုင်းနိုင်ငံ

၁၉၇၉ ခုနှစ်တွင် Forest Village Development (FVD) အစီအစဉ်အဖြစ် ကျေးရွာများကို သစ်တောထွက်ပစ္စည်း ထုတ်လုပ်စားသောက်ခွင့် ပေးခဲ့ပါသည်။ ၁၉၈၀ ပြည့် စောစောပိုင်း နှစ်များတွင် သစ်တောများ ပျက်စီးဆုံးရှုံးမှု များပြားလာသည်ကို သတိပြုမိခဲ့ပြီး၊ ၁၉၈၂ ခုနှစ် မတိုင်မီ National Forest Land Allotment ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းတွင် အိမ်ထောင်စုများအား Land Use Certificate များ ထုတ်ပေးပြီး၊ ပျက်စီးနေသော သစ်တောဧရိယာများကို လုပ်ပိုင်ခွင့်ပေးထား ပါသည်။ ၁၉၈၅ ခုနှစ် သစ်တောမူဝါဒတွင် နိုင်ငံ့ဧရိယာ၏ ၄၀% ကို သစ်တောဖုံးလွှမ်းစေရန်နှင့် သစ်တောအုပ်ချုပ်မှုတွင် ဒေသခံပြည်သူအစုအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်စေရန် ထည့်သွင်း ချမှတ်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်၌ Tambon Administration Act ထုတ်ပြန်ခဲ့ပြီး သစ်တောများ စီမံအုပ်ချုပ်မှုတွင် ဒေသခံ အစိုးရဌာနများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင်ပင် Reforestation Act ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၇ ခုနှစ် အခြေခံဥပဒေတွင် ဒေသခံပြည်သူများနှင့် ဒေသခံအစိုးရ ဌာနများသည် ၄င်းတို့၏ သဘာဝ

သယံဇာတများကို စီမံအုပ်ချုပ်ရာတွင် ပါဝင်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ၁၉၉၁ ခုနှစ်တွင် Community Forestry Bill ကို တင်သွင်းခဲ့သော်လည်း သစ်တောအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများပြားပြီး၊ သစ်တောပျက်စီးမှု ပိုမိုများပြားလာမည်ကို စိုးရိမ်သဖြင့် ၂၀၀၀ ပြည့်နှစ်တိုင် အတည်ပြုခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ၌ FVD အစီအစဉ်အရ ၁၉၉၀ ပြည့်နှစ်တွင် ကျေးရွာပေါင်း ၁၁၉ ရွာအား မြေဧရိယာ ဟက်တာ ၅၅,၃၅၀ ခန့် ကို Right to Harvest ခွဲဝေ လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ ထို့ပြင် National Forest Land Allotment စီမံကိန်းအရ မိသားစုပေါင်း ၇၁၀,၀၀၀ ခန့်သည် မြေဧရိယာ ဟက်တာ ၁.၁၅သန်းတွင် Right to Harvest အခွင့်အရေးကို ရရှိခဲ့ပါသည်။

## ၂-၄။ ဖိလစ်ပိုင်နိုင်ငံ

၁၉၈၇ ခုနှစ် အခြေခံဥပဒေတွင် Principle of Local Empowerment and People's Participation ကိုဖော်ပြကြောင်း သိရှိရပါသည်။ ထို့ပြင် သစ်တောများ တရားမဝင် ခုတ်လှဲခြင်းကို ကာကွယ်ရန် Local Government Units များသို့ လုပ်ပိုင်ခွင့် လုံးဝလွှဲပေးထားပါသည်။ အာဏာခွဲဝေခြင်းနှင့် ဆုံးဖြတ်ပိုင်ခွင့်ပြုခြင်းတို့ကို ပြည်သူများပါဝင်သော သစ်တောစီမံအုပ်ချုပ်မှု (Community Participatory Forest Management) လွယ်ကူချောမွေ့စေရန်အတွက် အသုံးပြုလျက်ရှိပါသည်။ သက်ဆိုင်ရာ အစိုးရဌာနများက လိုအပ်သလို ပူးပေါင်းပါဝင် ဆောင်ရွက်ပါသည်။ ဖိလစ်ပိုင်တွင် ၁၉၈၉ ခုနှစ်ခန့်ကပင် ရေဝေရေလဲအမြင့်ပိုင်းဒေသများရှိ တောင်သူများအား ၎င်းတို့ နေထိုင်စားသောက်နေသော ဧရိယာအတွင်း တရားဝင် အခွင့်အလမ်းများကို သတ်မှတ်ခွင့်ပြုခဲ့ပါသည်။ ဥပမာအားဖြင့် ဟက်တာ ၃၉,၈၅၂ ရှိသော Lake Sebu ဧရိယာကို အစိုးရက "The Lake Sebu Ancestral Domain Community Association" ဖွဲ့စည်းခွင့်ပေးခဲ့ပြီး အသိအမှတ်ပြုခဲ့ပါသည်။ သက်ဆိုင်ရာဌာနက ပြည်ပထောက်ပံ့ ကူညီမှုများရယူပြီး၊ စိုက်ပျိုးရေးနှင့် သစ်တော စီမံအုပ်ချုပ်မှု လုပ်ငန်းများအတွက် ယင်း Lake Sebu အဖွဲ့မှ အကောင်အထည်ဖော် လုပ်ကိုင်လျက်ရှိပါသည်။

## ၂-၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် Bare Lands များကို အိမ်ထောင်စုတစ်ခုစီသို့ စီမံလုပ်ကိုင်ခွင့် ( Management Rights ) ပေးခဲ့ပါသည်။

တဖန် ၁၉၈၄ ခုနှစ်တွင် အိမ်ထောင်စုပေါင်း သန်း ၅၀ ကို ယင်းလုပ်ကိုင်ခွင့် ပေးခဲ့ပါသည်။ ထို့ပြင် Bare hills and Degraded forested hills တောင်ပေါ်ကုန်းမြင့်ဒေသဧရိယာ ဟက်တာ ၇၁ သန်းကျော်ကို စီမံလုပ်ပိုင်ခွင့် ပေးခဲ့နိုင်ပါသည်။ သို့သော် လယ်သမားများ အနေဖြင့် မူဝါဒ အပြောင်းအလဲဖြစ်မည်ကို ကြောက်ရွံ့သဖြင့် စိတ်ဝင်စားမှု နည်းပါးခဲ့ကြပါသည်။ ၁၉၈၁ ခုနှစ်တွင် ပိုင်ဆိုင်မှု၊ စီမံလုပ်ပိုင်ခွင့်၊ ရရှိသည့်အကျိုးအမြတ် စသည်တို့ကို အချိုးကျ ခွဲဝေခံစား

နိုင်ကြောင်း၊ Cooperative Shares System နှင့် Contractual Management in State- Owned Forest တို့ကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၉၈၀ ပြည့် နောက်ပိုင်းနှစ်များတွင် Transfers of Forest Resource Ownership နည်းလမ်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင့်သုံးစေခဲ့ပါသည်။ သက်ငယ်နှင့် သက်လတ်သစ်တောများကို ရောင်းချခဲ့ပါသည်။ ဝယ်ယူသော လယ်သမားများအနေဖြင့် ပိုမိုစိတ်ဝင်စားပြီး ကာကွယ်ခြင်း၊ သစ်တော သစ်ပင် စိုက်ပျိုးခြင်းများကို ဆောင်ရွက်လာပြီး အစိုးရအနေဖြင့်လည်း ဝင်ငွေစောစောရရှိလာခဲ့ ပါသည်။

၁၉၉၄ ခုနှစ်တွင် အစိုးရက Comprehensive Development of Mountain Areas (CDOMA) ကို Pilot Project များဖြင့် စတင်ခဲ့ပါသည်။ ယင်း CDOMA အစီအစဉ်အရ

(က) ဧရိယာဟက်တာ ၁၆၈,၀၀၀ ကို သစ်တောများထိန်းသိမ်းကာကွယ်ခြင်း

(ခ) ဧရိယာ ဟက်တာ ၂၂၅,၀၀၀ ကို သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်း

(ဂ) ကျေးလက်လမ်းအရှည် ၁၂,၀၀၀ km ဖောက်လုပ်ခြင်း

(ဃ) အသေးစားရေအားလျှပ်စစ်လုပ်ငန်း ၅၀ ကျော်တည်ဆောက်ခြင်း

စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် ၁၉၇၈ ခုနှစ်က Shelterbelt Program ၁၀ ခု ကို စတင်ခဲ့ပြီး ၄င်းအစီအစဉ်သည် တောင်ပေါ်နှင့် အခြားမြေဧရိယာ စတုရန်းကီလိုမီတာ ၇.၀၆ သန်း (နိုင်ငံဧရိယာ၏ ၇၃.၅%) အထိ ကျယ်ပြန့်ခဲ့ ပါသည်။ ထို့ပြင် မြေဧရိယာ စတုရန်းကီလိုမီတာ ၂၀ သန်းကျော်တွင် သစ်တောများ ပြန်လည် တည်ထောင်နိုင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် စတုရန်းကီလိုမီတာ ၈.၅၁ သန်းတွင် Three North အစီအစဉ်အရ သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ခဲ့ပါသည်။ Shelterbelt Development Programme (SDP) အရ သဲကန္တာရ ဟက်တာ လေးသန်းခန့်၊ သဲဆန်သောမြေ ဟက်တာ ၁.၃ သန်းခန့်တို့ကိုလည်း စိုက်ပျိုးမြေကောင်းများအဖြစ် ပြောင်းလဲ ပေးနိုင်ခဲ့ပါသည်။

## ၂-၆။ လာအိုနိုင်ငံ

လူဦးရေ ၅ သန်းခန့်တွင် ၈၃% မှာ ကျေးလက်နေ ပြည်သူများ ဖြစ်ပါသည်။ လာအိုနိုင်ငံတွင် ရွှေ့ပြောင်း တောင်ယာသည် သစ်တောပျက်စီးမှုကို အများဆုံးဖြစ်စေပါသည်။ လာအို၏ Land and Forest Laws များ တွင် Decentralized Management ကို ထည့်သွင်းဖော်ပြထားပါသည်။ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၆ ခုနှစ် များတွင် Decree များထုတ်ပြန်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် သစ်တောစီမံအုပ်ချုပ်ရေးများကို Devolution လုပ်ပေးထားပါသည်။ Decree 102 (1993), Decree 186 (1994) များ ထုတ်ပြန်၍လည်း ရွာသားများ ပါဝင်ဆောင်ရွက်နိုင်ရေးကို ခွင့်ပြုထားပါသည်။ Decentralized Forest Management ကို အမြင့်ပိုင်းဒေသများ ဆင်းရဲမှုပပျောက်ရေးအတွက် အမျိုးသားမဟာဗျူဟာအဖြစ် အသုံးပြုကြောင်းနှင့် ဥပဒေကို တင်းကျပ်စွာ အသုံးမပြုကြောင်း၊ ရွှေ့ပြောင်းတောင်ယာ ခုတ်လုပ်သူများအတွက်

၄င်းတို့၏ စားဝတ်နေရေးကို တစ်နည်းတစ်လမ်း ဖြေရှင်းရမည်ဟု ခံယူကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင်၁၉၉၄ ခုနှစ်တွင် အစိုးရက National Leading Committe for Decentralized Rural Development ကို ဖွဲ့စည်းပေးခဲ့ပါသည်။

## ၂-၇။ ဗီယက်နမ်နိုင်ငံ

သစ်တောစီမံအုပ်ချုပ်မှု အပါအဝင် အခြားသောကဏ္ဍများ ပြုပြင်ပြောင်းလဲရေးကို ၁၉၈၆ ခုနှစ်ကပင် စတင်ခဲ့ပါသည်။ Land on Protection & Development of Forests ကို ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ Land Law ကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်း ခဲ့ပါသည်။ Land Law တွင် အိမ်ထောင်စုများအလိုက်၊ တစ်ဦးချင်းအလိုက် စိုက်ပျိုးရေးနှင့် သစ်တောဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်အသုံးပြုရန်အတွက် မြေနှင့်သစ်တောများ နှစ်ရှည်ခွဲဝေပေးခြင်းကို ခွင့်ပြုပေးထားပါသည်။ သို့သော် ဗီယက်နမ်ပြည်သူများအတွက်သာ ခွင့်ပြုပြီး နိုင်ငံခြားသားများ မပါဝင်ပါ။ အဆိုပါမြေနှင့် သစ်တောကိုအလွှဲအပြောင်းလုပ်နိုင်ခွင့်၊ အမွေဆက်ခံနိုင်ခွင့်၊ ငှားရမ်းနိုင်ခွင့် ပြုထားပါသည်။ သို့သော် သတ်မှတ်ထားသော မြေအသုံးချမှုမှ လွှဲပြောင်းအသုံးချခြင်း မပြုရပါ။ စည်းကမ်းနှင့်ညီညွတ်မှု မရှိပါက အစိုးရက ပြန်လည် သိမ်းယူမည် ဖြစ်ပါသည်။

၁၉၉၈ ခုနှစ်တွင် သစ်တောမြေဧရိယာ ဟက်တာ ၇.၁ သန်းကို သုံးစွဲမည့်သူ အမျိုးမျိုး (အစိုးရအဖွဲ့၊ တောင်သူမိသားစု၊ အခြားအမျိုးအစား) တို့အား ခွဲဝေပြီးဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်အကြား သစ်တောမြေ ဟက်တာ ၁.၉ သန်းကို ကာကွယ်ခြင်း၊ ဟက်တာ ၂၂၄,၀၀၀ ကို ဓမ္မတာမျိုးဆက်ခြင်း၊ စိုက်ခင်းဧရိယာ ဟက်တာ ၅.၆ သိန်းခန့် စိုက်ပျိုးခြင်းနှင့် သီးနှံသစ်တော စိုက်ခင်းဦးရေ ၁၁,၀၀၀ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် အိမ်ထောင်စု နှစ်သိန်းခန့်အား ခွဲဝေပေးထားသော တောင်ကတုံးများတွင် ဟက်တာ လေးသိန်းခန့်၌ စိုက်ပျိုး လုပ်ကိုင်နိုင်ခဲ့ပြီး ယင်းစိုက်ပျိုး လုပ်ကိုင်သော မိသားစုများသည် တစ်နှစ်လျှင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁,၃၀၀ မှ ၁,၈၀၀ အထိ ရရှိကြောင်း၊ သစ်တောဥယျာဉ်နှင့် လယ်မြေများမှလည်း အချို့အိမ်ထောင်စုများသည် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၈၀၀ မှ ၁,၈၀၀ ခန့်အထိ ရရှိကြောင်း လေ့လာ သိရှိရပါသည်။

## ၃။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း

## ၃-၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်။

မြန်မာနိုင်ငံသစ်တောမူဝါဒ သဘောထားကြေငြာချက်တွင်၊ သစ်တောများ ပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်ဟူ၍ ပဋ္ဌမမြောက် ပဓာနကျသော အချက်အဖြစ် ဖော်ပြထားပါသည်။ သစ်တောဥပဒေ(၁၉၉၂)၊ ပုဒ်မ ၁၅ တွင်လည်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ကျေးရွာအနီးဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရစီရင်ပိုင်ခွင့်ရှိသော မြေတွင်ဖြစ်စေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်း

များကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ယင်းကြေငြာချက်၊ ပြဋ္ဌာန်းထားချက်များကို အမှီပြု၍ သစ်တောပြုစုထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ထုတ်လုပ်အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေးကို ရှေးရှု၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (၁၉၉၅) ကို သစ်တောဦးစီး ဌာနက ထုတ်ပြန်ခဲ့ပါသည်။ ဤညွှန်ကြားချက်အရ ဒေသခံပြည်သူလူထုသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် ခွင့်ပြုသောမြေကို အသုံးချခွင့်နှင့် လုပ်ကိုင်ခွင့် ရရှိကြပါသည်။ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် ပြည်သူလူထု၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုသည် သစ်တောလုပ်ငန်းများ၌ မိမိဆန္ဒအရ ပူးပေါင်း ပါဝင်ခြင်းပင် ဖြစ်ပါသည်။

## ၃-၁-၂။ မြေခွဲဝေချထားခြင်းနှင့် အသုံးချခွင့်ပြုသည့်ကာလ

အသုံးပြုသူများအဖွဲ့အား အဖွဲ့ဝင်အိမ်ထောင်စုတစ်ခုလျှင် ခွဲဝေချထား ပေးမည့် မြေဧရိယာ ပမာဏကို၊ ဒေသရာသီဥတုအခြေအနေ၊ မြေအမျိုးအစား၊ စိုက်ပျိုးမည့်သစ်မျိုးနှင့် စိုက်ပျိုးပြုစု ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အစရှိသည်တို့အပေါ် မူတည်၍ ခရိုင်သစ်တောအရာရှိက သတ်မှတ်ပေးရပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် အတွက် မြေအသုံးချခွင့်ကို ကနဦးကာလအဖြစ် နှစ် ၃၀ သတ်မှတ် ခွင့်ပြုပါသည်။ နှစ် ၃၀ ကာလ ကုန်ဆုံးပြီးနောက် အသုံးပြု သူများအဖွဲ့၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆန္ဒတို့အပေါ်အခြေခံ၍ ကာလ တိုးမြှင့်ပေးသင့်/မသင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ သဘောထားကိုခံယူ၍ ခရိုင်သစ်တောအရာရှိက ဆုံးဖြတ်မည် ဖြစ်ပါသည်။

## ၃-၁-၃။ သစ်တောဦးစီးဌာန၏ကူညီပံ့ပိုးမှု

သစ်တောဦးစီးဌာနသည် အသုံးပြုသူများအဖွဲ့သို့ သစ်တောစိုက်ခင်း ပထမ ခုတ်ပတ်ကာလအတွက်လိုအပ်သော သစ်စေ့နှင့်ပျိုးပင်များ၊ သစ်တောတည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာ ကိစ္စအဝဝတွင် ထာဝစဉ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများပေးမည် ဖြစ်ပါသည်။

## ၃-၁-၄။ အသုံးပြုသူများအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့်ရသော အသုံးပြုသူများအဖွဲ့သည် -

(က) သစ်တောမရှိသည့် နေရာများတွင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း။

(ခ) သစ်တောများရှိ၍ သဘာဝနည်းဖြင့် ပြုစုပျိုးထောင်သင့်သည့် နေရာများတွင် သဘာဝနည်း ဖြင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း။

(ဂ) မီးကာကွယ်ခြင်း။

(ဃ) သစ်တောစိုက်ခင်းများနှင့် သဘာဝတောများရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော ပြုစုပျိုးထောင်မှုများ ပြုလုပ်ခြင်း။

(င) သစ်ပင်များကို ထိခိုက်ပျက်စီးစေသည့် စည်းကမ်းမဲ့ကိုင်းဖြတ်ခြင်း၊ လှဲခြင်း၊ အဆီထုတ်ခြင်း၊ သင်းသတ်ခြင်း၊ အခွံခွာခြင်း စသည်တို့မှ ကာကွယ်ခြင်း။

(စ) သတ္တုတူးဖော်ခြင်း၊ ကျောက်၊ မြေနှင့် သဲ တို့ကို တူးယူခြင်းမှ ကာကွယ်ခြင်း။

(ဆ) အခြားမြေအသုံးပြုမှုများ ကျူးကျော်ဝင်ရောက်ခြင်းမှ ကာကွယ်ခြင်း။

(ဇ) သစ်တောထွက်ပစ္စည်းများကို အလေအလွင့်မရှိစေရန် ထုတ်ယူ၍ စည်းကမ်းချက် များနှင့်အညီ သုံးစွဲခြင်း။

(ဈ) ရေမြေတိုက်စားမှုနှင့် သဘာဝဝန်းကျင်ပျက်စီးယိုယွင်းနေမှုတို့မှကာကွယ်ခြင်း။

(ည) သစ်တောစိုက်ခင်းပထမခုတ်ပတ်ကာလ နောက်ပိုင်းမှစ၍ သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိမိတို့၏ အစီအစဉ်ဖြင့် မြေပြုပြင်ခြင်း၊ သစ်စေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ခင်းပြုစုထိန်းသိမ်းခြင်း။

(ဋ) အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များကို တိကျစွာ အကောင်အထည်ဖော်ခြင်း။

## ၃-၂။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောကို တစ်နိုင်ငံလုံးနေရာအနှံ့အပြား၌ တည်ထောင်ရန် ရည်ရွယ်ပါသည်။ ရည်ရွယ်သည့်အတိုင်းလည်း သစ်တောဦးစီးဌာနမှ စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ဆောင်ရွက်နေသော စီမံကိန်းဒေရိယာများ၌လည်း လမ်းညွှန်ချက်အတိုင်း သတ်မှတ်ဆောင်ရွက် နေပါသည်။ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို စီမံကိန်းဒေရိယာနှင့် စီမံကိန်းပြင်ပဒေရိယာ ခွဲခြား၍ တင်ပြ ထားပါသည်။

### ၃-၂-၁။ စီမံကိန်းဒေရိယာ

လူ့စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး (HDI) စီမံကိန်းများကို မကွေးတိုင်း၊ မကွေးမြို့နယ်၊ မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလော၊ ရွာငံ၊ ပင်းတယ၊ ညောင်ရွှေ၊ ပင်လောင်း စသည်မြို့နယ်များတွင်လည်းကောင်း၊ ဧရာဝတီတိုင်း၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ စသည့် မြို့နယ်များတွင် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ဤသို့ဆောင်ရွက်ရာတွင် သစ်တောကဏ္ဍအနေဖြင့် သဘာဝတောများ ထိန်းသိမ်းခြင်း၊ စိုက်ခင်းဟောင်းများ ထိန်းသိမ်းခြင်းနှင့် ပဝတ္တိမျိုးဆက်ခြင်း လုပ်ငန်းများကို လမ်းညွှန်ချက်များသတ်မှတ် ဆောင်ရွက်ခဲ့ပါသည်။ အဓိကလုပ်ကိုင်နည်းမှာ ပြည်သူလူထု ပူးပေါင်းပါဝင်မှုကိုရယူ၍ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းပင် ဖြစ်ပါသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သစ်တောပညာရှင်များ၊ ပံ့ပိုးသူ မြို့နယ်အဆင့်၊ ကျေးရွာအဆင့် တာဝန်ခံများနှင့်

အဓိက အကောင်အထည်ဖော်ပေးမည့် တိုးချဲ့ပညာပေး လုပ်သားများအား တာဝန်ချထား အကောင်အထည်ဖော်ပါသည်။ နယ်မြေခံ သစ်တောဝန်ထမ်း အဆင့်ဆင့်ကလည်း ဝိုင်းဝန်း ဆောင်ရွက်ကြပါသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်မည့် အသုံးပြုသူများအဖွဲ့ကို လက်ကမ်းကြိုဆိုနေသကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရှိပါသည်။ ဥပမာအားဖြင့် ဝင်ငွေတိုးအသင်းများ ဖွဲ့စည်းတည်ထောင်ပေးခြင်းနှင့် အခြားလိုအပ်ချက်များကို ပံ့ပိုးခြင်းတို့ ဖြစ်ပါသည်။

ပဝတ္တိနည်းဖြင့် မျိုးဆက်ရမည်ဆိုပါကလည်း ရေဝေရေလဲစီမံကိန်းတွင် ပျိုးပင်၊ စားသုံးသီးပင်နှင့် လုပ်ငန်းသုံးပစ္စည်းအတွက် ကုန်ကျစရိတ်အားလုံးကို စီမံကိန်းမှ တာဝန်ယူ၍ ပြည်သူလူထုက လုပ်အားစိုက်ထုတ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက် ကြပါသည်။ အခြား အကူအညီအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ရေသန့်ရရှိရေး စသော အကူအညီများလည်း ပေးပါသည်။ ထိုသို့သော အကူအညီများနှင့်၊ နည်းပညာပံ့ပိုးမှု၊ တိုးချဲ့ပညာပေးမှုနှင့် ဝင်ငွေတိုး လုပ်ငန်းများကြောင့်ပင် စီမံကိန်းဧရိယာများ၌ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ ပေါ်ပေါက်ခဲ့ ပါသည်။ တည်ထောင်ပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ စာရင်းကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။

## ၃-၂-၂။ လူ့စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး (ရေဝေရေလဲ) လုပ်ငန်းစီမံကိန်း ပြင်ပဧရိယာ

လူ့စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး (ရေဝေရေလဲ) လုပ်ငန်းစီမံကိန်း မရှိသော ဒေသများ တွင်လည်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းကို ဆောင်ရွက်လျက် ရှိပါသည်။ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ ညွှန်ကြားချက် အပိုဒ် (၁၇) တွင် ပါရှိသည့်အတိုင်း ပထမခုတ်ပတ် ကာလအတွက် လိုအပ်သော သစ်စေ့နှင့်ပျိုးပင်များ၊ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများကို အခမဲ့ပေးပါသည်။ မြေအသုံးချခွင့်ကိုလည်း ကနဦး ကာလအဖြစ် နှစ် ၃၀ သတ်မှတ် ခွင့်ပြုပေးပါသည်။ တိုးချဲ့ပညာပေးရေး လုပ်ငန်းများနှင့် ဝန်ထမ်းများကို သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက် ရှိပါ သည်။ နှစ် ၃၀ ပင်မသစ်တောစီမံကိန်းတွင် ရည်မှန်းထားသည့် ၂၅% သော လောင်စာ စွမ်းအင် (ထင်း) ကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများမှ ထုတ်ပေး နိုင်ရေးအတွက် ဦးတည်ကြိုးပမ်းလျှက် ရှိပါသည်။ HDI စီမံကိန်းဧရိယာပြင်ပ၌ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားပါသည်။

## ၄။ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်/ သဘာဝ ဝန်းကျင်ထိန်းသိမ်းရေး ဆက်စပ်မှု

### ၄-၁။ ပြည်သူတို့၏ အခြေခံလိုအပ်ချက် နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် သစ်တောထွက်ပစ္စည်း အပေါ်တွင် များစွာမှီခိုနေရပါသည်။ အထူးသဖြင့် ကျေးလက်နေ ၃၈.၅ သန်း သော ပြည်သူ လူထု၏ စားဝတ်နေရေးသည် သစ်တောများအပေါ် အဓိကမှီခို အားထားရပါသည်။ သစ်တော ထွက်ပစ္စည်းများကိုဝင်ငွေရရှိရန်၊ စားသောက်သုံးဆောင်ရန်နှင့် စွမ်းအင်ရရှိရန် စသည်တို့အတွက် ထုတ်ယူသုံးစွဲ ကြပါသည်။ ပျမ်းမျှတစ်နှစ်လျှင် သစ်မာ ကုဗတန် ဖ.၅ သိန်း၊ တိုင် ၁.၁ သိန်း၊ မျော ၅.၁၉ သိန်း၊ ထင်း ကုဗတန် ၁၈ သန်း၊ ဝါး ၁၂၁ သန်း၊ ကြိမ် ၃၃ သန်း နှင့် ဓနိ ဇျစ် သန်း၈၀ ခန့် ထုတ်ယူ သုံးစွဲ နေပါသည်။

လူဦးရေ တိုးတက်လာသည်နှင့်အမျှ အခြားပစ္စည်း အစားထိုးအသုံးပြုမှုမရှိလျှင် သစ်တော ထွက်ပစ္စည်းများ ပိုမိုလိုအပ်လာမည်သာ ဖြစ်ပါသည်။ ယခုထိလည်း တိုးတက်လိုအပ်မြဲသာ ဖြစ်ပါသည်။ ပြည်နယ်/တိုင်းများရှိ အိမ်ထောင်စုတစ်စုချင်း၏ နှစ်စဉ် သစ်တောထွက်ပစ္စည်း အသုံးပြုမှုနှုန်းကို နောက်ဆက်တွဲ (ဂ) ဖြင့်လည်းကောင်း၊ ကျေးလက်နေလူဦးရေ၊ အိမ်ထောင်စုနှင့် သစ်တောထွက်ပစ္စည်း လိုအပ်ချက်စာရင်းကို နောက်ဆက်တွဲ (ဃ) ဖြင့်လည်းကောင်း ဖော်ပြထား ပါသည်။

သစ်တောထွက် ပစ္စည်းများအနက် ကျေးလက်ပြည်သူလူထုအတွက် မရှိမဖြစ် အသုံးပြု နေရသည်မှာ လောင်စာထင်းပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ လောင်စာစွမ်းအင် သုံးစွဲမှုကို လေ့လာကြည့်လျှင် ထင်းကို လက်ရှိအနေအထားတွင် ၇၅% ခန့် သုံးစွဲကြောင်း သိနိုင်ပါသည်။ နိုင်ငံတော်၏ လောင်စာစွမ်းအင် သုံးစွဲမှု ရာခိုင်နှုန်း ရည်မှန်းချက်များကို နောက်ဆက်တွဲ (င) ဖြင့် ဖော်ပြထား ပါသည်။

ထင်းထုတ်လုပ်မှုမှာ ကုဗတန် ၁၈ သန်းကျော်ဖြစ်ပါသည်။ နှစ် ၃၀ စီမံကိန်းအရ ထိရောက်စွာ ဆောင်ရွက်ပါမှ ကုဗတန် ၁၅.၇၅ သန်းထိ ရရှိနိုင်မည်ဖြစ်ပါသည်။ လက်ရှိ ထုတ်ယူရရှိနေသော ထင်း ၁၈.၃၈ ကုဗတန်သန်း နှင့် ထုတ်ယူသည့်နေရာကို နောက်ဆက်တွဲ (စ) တွင် ဖော်ပြထားပါသည်။

နောက်ဆက်တွဲ (ဃ) တွင် ဖေါ်ပြထားချက်အရ လိုအပ်သောလောင်စာထင်းကို သဘာဝ တောမှ အများဆုံးရရှိပါသည်။ ဒေသန္တရထောက်ပံ့ရေး အလုပ်တိုက်နယ်နှင့် ဥယျာဉ်ခြံမြေများမှ ထင်းလောင်စာ ထုတ်လုပ်ပေးသည် မှန်သော်လည်း သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာသုံး ထင်းစိုက်ခင်းများကို နှစ်စဉ်ဧက ၁၅,၀၀၀ မှ ၂၀,၀၀၀ အထိ ငါးနှစ် ခုတ်ပါတ်ထား၍ စိုက်ပျိုးရမည်ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်အထိ ထင်းစိုက်ခင်း ဧက ၄.၆ သိန်းကျော် ရှိပါသည်။ နိုင်ငံတော်၏ စိုက်ခင်းတည်ထောင်မှုကို အမျိုးအစားအလိုက် နောက်ဆက်တွဲ (ဆ) တွင် ဖော်ပြထားပါသည်။

ယခုအခါ ထင်းရရှိမှုနှင့်ပတ်သက်၍ ကျေးလက်ပြည်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော စိုက်ခင်းများ တည်ထောင်လျက် ရှိပါသည်။ ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောများနှင့် သစ်တော စိုက်ခင်းစာရင်းကို နောက်ဆက်တွဲ (ဓ) တွင် ဖော်ပြထားပါသည်။

**၄-၂။ သဘာဝ ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရာတွင် ရေဦးရေညှာ ထိန်းသိမ်းရေးလုပ်ငန်းများ ပါဝင်ပါသည်။ မိမိကျေးရွာအနီးရှိ သဘာဝရေထွက်များ မပပျောက်ရေး၊ ပိုမိုဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး တောကိုထိန်းပါသည်။ ဥပဒေအရ အကာအကွယ်ရစေရန်နှင့် နည်းပညာ အထောက်အပံ့ကို မျှော်ကိုးပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်လက်မှတ်များကို ရယူထိန်းသိမ်း ကြပါသည်။ ဥပမာအားဖြင့် ညောင်ရွှေမြို့နယ်ရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော ၃၁ ခု အနက် ၁၁ ခု၊ ဧရိယာ ၆,၁၆၂ ဧကမှာ ရေဦးရေညှာ ထိန်းသိမ်းရေးကို ဦးတည်ဆောင်ရွက်နေသဖြင့် သဘာဝ ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသည်ဟု ဆိုနိုင်ပါသည်။ တနည်းအားဖြင့် အင်းလေးကန်၏ ရေဝေဧရိယာတွင် ညောင်ရွှေမြို့နယ်ပါဝင်သဖြင့် ရေတိုက်စားမှု မဖြစ်စေရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများမှ ကာကွယ်ပေးနေသည်ဟု ဆိုနိုင်ပါသည်။ ညောင်ရွှေမြို့နယ်အတွင်း တည်ထောင်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများနှင့် အခြေခံရည်ရွယ်ချက်များကို နောက်ဆက်တွဲ (ဈ-၁) နှင့် (ဈ-၂) တို့၌ ဖော်ပြထားပါသည်။

## ၅။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အခွင့်အလမ်းနှင့် အကန့်အသတ်များ

**၅-၁။ အခွင့်အလမ်းများ**

**၅-၁-၁။ မူဝါဒနှင့် ဥပဒေ**

မြန်မာနိုင်ငံတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းကို သိပ္ပံနည်းကျ သစ်တောအုပ်ချုပ်မှု စတင်သောအချိန်မှစ၍ ရှိခဲ့သည်ဟုဆိုနိုင်ပါသည်။ အဓိကအားဖြင့် ကျွန်းစိုက်ခင်းများ တည်ထောင်ရာတွင် ဒေသခံရွာသူရွာသားများ ပါဝင်ဆောင်ရွက်ခဲ့ ပါသည်။ သို့သော် အစား၊ အလုပ်သမားအသွင်ထက် ပို၍ပါဝင်ခွင့် မရကြပါ။ သစ်တောဌာနက ဆုံးဖြတ်ရွေးချယ်သောနေရာ၌ သတ်မှတ်သော လုပ်ထုံးလုပ်နည်းအရ လုပ်ဆောင်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက တည်ရှိခဲ့သည့် မူဝါဒနှင့် ဥပဒေများအရ ပါဝင်ခွင့်ရသမျှ ပါဝင်ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်ပါသည်။

ယခုအခါ ပြည်သူလူထု ပူးပေါင်းပါဝင်ရေးကို ရှေ့ရှု၍ ၁၉၀၂ ခုနှစ် သစ်တောဥပဒေကို ၁၉၉၂ ခုနှစ်၊ ဥပဒေအသစ်ဖြင့် အစားထိုးပြဌာန်းခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုကို ဦးတည်သော သစ်တောမူဝါဒကို ချမှတ်ပါသည်။ မူဝါဒ၊ ဥပဒေနှင့် လက်ရှိအခြေအနေအရ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရန် ဒေသခံ ပြည်သူ

အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပါသည်။ လက်တွေ့လည်းကျင့်သုံး အကောင်အထည် ဖော်လျက်ရှိပါသည်။ ဤသို့ မူဝါဒနှင့် ဥပဒေကို ပြုပြင်ပြောင်းလဲ လိုက်ခြင်းကြောင့် ပြည်သူလူထုကြီး တစ်ရပ်လုံးအတွက် အစုအဖွဲ့အသွင်ဖြင့် သစ်တောထိန်းသိမ်းရေး၊ ပြုစုပျိုးထောင်ရေးနှင့် အသုံးချရေးကိစ္စတို့တွင် ပူးပေါင်းပါဝင်လာရန် လမ်းပွင့်သွားပါသည်။

၅-၁-၂။ **လှုံ့ဆော်စည်းရုံးခြင်းနှင့် တိုးချဲ့ပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း**

သစ်တောမူဝါဒ၌ပါရှိသည့် ပဓာနကျသောအချက်များအနက်မှ ပြည်သူလူထု ပူးပေါင်းပါဝင်လာစေခြင်းနှင့် ပြည်သူအတွင်း နိုးကြားထကြွသည့် အသိ ရှင်သန်စေခြင်းတို့မှာ အရေးကြီးပါသည်။ ဤမူဝါဒများကို အကောင်အထည်ဖော်ရာတွင် သစ်တောဦးစီးဌာနသည် တိုးချဲ့ပညာပေးရေးဌာနကို သီးသန့်ဖွဲ့စည်း၍ တာဝန်ကြီး (၈) ရပ် ချမှတ်ပြီး ပညာပေးဟောပြောခြင်း၊ ပြခန်းများဖွင့်လှစ်ပြသခြင်း၊ စာအုပ်စာတမ်းများ ရိုက်နှိပ်ထုတ်ဝေခြင်း စသည့်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

တိုးချဲ့ပညာပေးရေးဌာနအနေဖြင့် အမျိုးသားသစ်တော ပင်မစီမံကိန်းတွင် အောက်ပါအတိုင်း မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ထားပါသည်။

(က) သစ်တောဦးစီးဌာန၏ တိုးချဲ့ပညာပေးရေး စွမ်းရည်များကို ပိုမိုထက်မြက်စေပြီး သစ်တောလုပ်ငန်း အစီအစဉ်များတွင် ပြည်သူလူထုက ပိုမိုပါဝင် လှုပ်ရှားလာစေမည့် နည်းလမ်းများကို ဖော်ထုတ်သွားရမည်။

(ခ) ထာဝစဉ် သစ်တောဖွံ့ဖြိုးမှု၏ သဘာဝဝန်းကျင်၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးပြုမှုများကို ထုတ်ဖော်၍ ပြည်သူအများ သိရှိနားလည်လာကြစေရန် ဆောင်ရွက် ရမည်။

(ဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ထိုလုပ်ငန်းက ဖြေရှင်း ပေးရန် ကြံရွယ်သော ပြဿနာများနှင့်အရေးပါပုံတို့ကို ပြည်သူများသိရှိစေရန် လှုံ့ဆော် ပေးရမည်။

(ဃ) ဒေသခံပြည်သူအစုအဖွဲ့တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များ ဖော်ဆောင်ရခြင်း အတွက် နိုင်ငံတော်မှ ရင်းနှီးရမှုနှင့် ရရှိသည့်အကျိုးတို့ကို ပြည်သူတို့ သိရှိစေရန်နှင့် ပြည်သူတို့က ထိုအစီအစဉ်များကို လက်ခံလာကြစေရန် ပေါ်ထွက်လာသည့် အကျိုး ခံစားမှုတို့ကို မျှမျှတတ ဝေမျှခံစားနိုင်ကြသည့် စနစ်များချမှတ် ဖော်ထုတ်သည့် နည်းဖြင့် စည်းရုံးသွားရမည်။

ဤလုပ်ငန်းစဉ်များအရ သစ်တောဦးစီးဌာနမှ တိုးချဲ့ပညာပေးရေးဌာနသည် သစ်တောသစ်ပင်နှင့် သဘာဝဝန်းကျင်တို့၏ အရေးပါမှု၊ သစ်တောပြုစု ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းတို့ကို စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ် စသည့်ကဏ္ဍများမှ စည်းရုံးပညာပေးလျက် ရှိပါသည်။

၅-၁-၃။ **ပညာပေးလုပ်ငန်းများ**

ပြည်သူလူထု ပူးပေါင်းပါဝင်ရေးအတွက် တိုးချဲ့ပညာပေး လုပ်ငန်းများဖြင့် ၎င်းတို့ကို ပညာပေးပါသည်။ ထို့ပြင် ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပေးရေးဌာနတွင်လည်း သင်တန်းများ ဖွင့်လှစ်ပို့ချလျက် ရှိပါသည်။

ဌာနတွင်းမှဝန်ထမ်းများကိုလည်း ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပေးရေးဌာနရှိ ပုံမှန်သင်တန်းများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ပတ်သက်၍ အချိန်သတ်မှတ်ဆွေးနွေး/ သင်ကြား ပေးပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းမှ သင်တန်းများတွင်လည်းကောင်း၊ သစ်တောတက္ကသိုလ်မှ ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းများတွင်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ဘာသာရပ်တစ်ခုအဖြစ် အချိန်သတ်မှတ် သင်ကြားပေးလျက် ရှိပါသည်။

၅-၁-၄။ **လက်တွေ့ဆောင်ရွက်ခြင်း၊ အတွေ့အကြုံနှင့်အကျိုးရလဒ်**

လက်ရှိပြဋ္ဌာန်းထုတ်ပြန်ထားသည့် သစ်တောမူဝါဒ၊ သစ်တောဥပဒေနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအရ ပြည်နယ်/တိုင်းအသီးသီးတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နေပြီ ဖြစ်ပါသည်။ တွေ့ကြုံရသော အခက်အခဲနှင့် တိုးတက်မှုများကို အစီရင်ခံစာများ၊ စာတမ်းများ၊ ဆွေးနွေးချက်များဖြင့် မှတ်တမ်းတင်လျက် ရှိပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ပါသည်။ ဤသို့ဖြင့် ရင့်ကျက်ပြည့်စုံ သော လုပ်ထုံးလုပ်နည်းများ ရရှိလာပြီဖြစ်ပါသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် ၁၉၉၅ ခုနှစ်မှ စတင်အကောင်အထည် ဖော်ကြရသဖြင့် နှစ်ရှည်ဆောင်ရွက်ရသော သစ်တောလုပ်ငန်းတစ်ခုအနေဖြင့် အကျိုးအမြတ် ရရန်ကာလ အလွန်တိုပါသေးသည်။

၅-၁-၅။ **သစ်တောထွက်ပစ္စည်း အလွန်ရှားပါးသောနေရာများနှင့် သင့်လျော်သော နည်းလမ်း**

ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည်၊ သစ်တောထွက်ပစ္စည်း အလွန်ရှားပါးသော နေရာဒေသများအတွက် အရေးကြီးပါသည်။ အချို့ဒေသတွင် သစ်တောထွက်ပစ္စည်းကို အခြားဒေသမှ သယ်ယူရန် မဖြစ်နိုင်ပါ။ ရရှိရန်ခက်ခဲသလို သယ်ပို့ရန်လည်းခက်ခဲပြီး ဈေးနှုန်းအလွန်ကြီးမြင့် နိုင်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုမရှိဘဲ နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပါကလည်း ဝန်ထမ်း၊ ဘဏ္ဍာငွေ စသည့် အကန့်အသတ်များ ရှိနေပါသည်။ ယင်းအကန့်အသတ်များကို ကျော်လွှန်၍ ဆောင်ရွက်ပါက ရေရှည်ထိန်းသိမ်းနိုင်ရန် ခက်ခဲပါသည်။ ထိုဒေသမျိုးတွင် ပြည်သူတို့အတွက် ပြည်သူတို့ကိုယ်တိုင် ပူးပေါင်း ပါဝင် ဆောင်ရွက်ခြင်း ကသာ အမှန်ကန်ဆုံးဖြစ်ပါသည်။

### ၅-၁-၆။ ဒေသတွင်း၊ ဒေသပြင်ပမှအကူအညီအထောက်အပံ့များရရှိနိုင်ခြင်း

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ပြည်သူများက အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးမှုများ ရရှိမည်ဖြစ်ပါသည်။ သစ်တောဦးစီးဌာနက ပျိုးပင် / မျိုးစေ့နှင့် နည်းပညာတို့ကို အခမဲ့ပေးပါသည်။ ဥပဒေအရ အကာအကွယ်ပေးပါသည်။ နှစ်ပေါင်း ၃၀ လုပ်ကိုင်ခွင့်ပေးပါသည်။ သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ပေးပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် စသောကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။ ရေဝေရေလဲစီမံကိန်း ဧရိယာ (ရှမ်းပြည်နယ်တောင်ပိုင်း - ၅ မြို့နယ်) နှင့် ဒီရေတောစီမံကိန်းဧရိယာ (ဧရာဝတီတိုင်း - ၃ မြို့နယ်) တို့တွင် ကူညီပံ့ပိုးမှုများ ပေးလျက်ရှိပါသည်။

## ၅-၂။ အကန့်အသတ်များ

### ၅-၂-၁။ သစ်တောသယံဇာတရေရှည်တည်တံ့ခြင်း (Forest Resource Security)

အခိုင်အမာ တည်ရှိနေပြီးဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သစ်တော စိုက်ခင်းများ၊ သဘာဝထိန်းသိမ်းရေး နယ်မြေများ (Protected Area System) နှင့် အခြားသစ်တောဖုံးလွှမ်းသော ဧရိယာများ ယခုထက်ပိုမို တည်တံ့ရန် လိုအပ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ပြီးနောက် အခြားမြေအသုံးချမှုသို့ ပြောင်းလဲခြင်းမရှိမှသာ ယင်းလုပ်ငန်း၏ အနှစ်သာရကို ရရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ဒေသအခြေအနေအရ အမျိုးသားစီးပွားရေး ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်ရသည်များ ရှိနိုင်ပါသည်။ ဒေသခံပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက် ရာတွင် ၎င်းတို့၏ ယုံကြည်မှုနှင့် ပိုင်ဆိုင်မှု အခွင့်အလမ်းများကို မြှင့်တင်ရပါမည်။

### ၅-၂-၂။ စည်းရုံးလှုံ့ဆော်ခြင်းနှင့်လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ

(က) စည်းရုံးလှုံ့ဆော်ခြင်း

သစ်တောမူဝါဒနှင့်အညီ၊ သစ်တောသစ်ပင်ချစ်မြတ်နိုးရေး၊ သစ်တောပြုစုထိန်းသိမ်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး စသည်ဖြင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက် လျက်ရှိပါသည်။ သို့ဖြစ်၍ သစ်တောဦးစီးဌာန၊ တိုးချဲ့ပညာပေးရေးဌာနတွင် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအတွက် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပိုမိုရင်းနှီးအားထည့်ရပါမည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ နိုင်ငံပိုင် သစ်တောကြီးများ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း

အဓိကကျသည့် လုပ်ငန်းဖြစ်ကြောင်း ပြည်သူနှင့် နိုင်ငံတော်က အသိအမှတ်ပြုလာအောင် ပညာပေးခြင်းနှင့် အသိပေးခြင်းတို့ကို အလေးအနက် သုံးသပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

(ခ) လေ့ကျင့်ပညာပေးခြင်း

ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ သစ်တောတက္ကသိုလ်တို့တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထု၊ ဌာနတွင်းဝန်ထမ်း၊ ဘွဲ့ကြို/ ဘွဲ့လွန် သင်တန်းသားများ စသည်တို့အား သင်ကြားပို့ချ ဆွေးနွေးလျက် ရှိပါသည်။ သင်တန်းများ ၏ ထိရောက်မှု၊ လေ့ကျင့်ပြီး သင်တန်းသားများ၏ အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှုတို့ကို အကဲမဖြတ်နိုင်သေးပါ။ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာနမှ တင်ပြသော စာတမ်းတစ်ခု၌ ပြည်သူလူထုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် ကျေးရွာရှိ တွေ့ဆုံမေးမြန်းခဲ့ အိမ်ထောင်စု ၉၄ စု အနက် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို သိရှိသူ ၅% သာရှိကြောင်း ပါရှိပါသည်။

## ၅-၂-၃။ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲများ

(က) မြေနေရာရှိရေး

တစ်နိုင်ငံလုံးရှိ မြေအားလုံးကို နိုင်ငံတော်ကပိုင်ပါသည်။ အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းပေးနိုင်ခြင်းမရှိပါ။ စီးပွားရေးဦးတည်ချက်များတွင် စိုက်ပျိုးရေးသည် ပထမဖြစ်သဖြင့် မြေနှင့် ပတ်သက်လျှင် စိုက်ပျိုးရေးကို ဦးစားပေးရန်ဖြစ်ပါသည်။ သို့ဖြစ်၍ အချို့ဒေသများတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအတွက် သင့်တော်သော မြေရရှိ ရန် ခက်ခဲပါသည်။

(ခ) ဝန်ထမ်း

(၁) ဝန်ထမ်းအင်အား

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရှိဝန်ထမ်းအဆင့်ဆင့်မှာ သစ်တောလုပ်ငန်းများ၊ အထွေထွေ လုပ်ငန်းများ အချိန်ပြည့် ဆောင်ရွက်နေကြပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တိုးတက်ရေးအတွက် သစ်တောဦးစီးဌာနမှ ပါဝင်ရမည့် အခန်းကဏ္ဍကို အားစိုက်၍ အကောင်အထည်ဖော်ရန် အခက်အခဲ ရှိပါသည်။

(၂) ဝန်ထမ်းအရည်အချင်း

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် အခြားသစ်တော လုပ်ငန်းများနှင့်မတူ ထူးခြားနေသဖြင့် ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။ စည်းရုံး ဆောင်ရွက်တတ်ပြီး လေ့ကျင့်ထားသော ဝန်ထမ်းများဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။ ထိုဝန်ထမ်းမျိုး ရရှိရန် ခက်ခဲပါသည်။

(၃) ဝန်ထမ်းခံစားခွင့်

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ရန် တာဝန်ချထားသော ဝန်ထမ်းများကို သီးခြားပံ့ပိုးမှုပေးနိုင်ပါက လုပ်ငန်းပိုမိုအောင်မြင်မည် ဖြစ်ပါသည်။

(၄) ဝန်ထမ်းတာဝန်ပေးအပ်ခြင်း

သစ်တောဦးစီးဌာန၏ လိုအပ်ချက်နှင့်အညီ ဝန်ထမ်းအများစုမှာ မိမိ၏ ကျွမ်းကျင်မှုထက် ကျရာတာဝန်ကိုသာဖြစ်အောင် ထမ်းဆောင်ကြရပါသည်။ ဆိုလိုသည်မှာ လက်ရှိအနေအထားအရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဝန်ထမ်းသီးခြားထားရှိရန် အခက်အခဲ ရှိပါသည်။

(ဂ) တိကျသောဆောင်ရွက်ပုံနည်းစနစ်လိုအပ်ခြင်း

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် ပတ်သက်၍ ညွှန်ကြားမှုများ ရှိသင့်သလောက် ရှိနေပါပြီ။ သို့သော် လုပ်ငန်းဆောင်ရွက်မှု များလာသည်နှင့်အမျှ လက်စွဲ၊ လမ်းညွှန်တစ်ခု ရှိရန်လိုအပ်ပါသည်။ ဥပမာ– ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် လျှောက်ထားခြင်းကိစ္စတွင် မည်သို့ဖွဲ့စည်းရမည်၊ မည်သို့လျှောက်လွှာတင်ရမည် စသည်ဖြင့် ပြည့်စုံစွာဖော်ပြထားသော်လည်း၊ လျှောက်လွှာကို လက်ခံစီစစ်တင်ပြရမည့် မြို့နယ်ဦးစီး အရာရှိအနေဖြင့် မည်သည့်အချက်များကို အသုံးပြု၍ မည်သို့စစ်ဆေးရမည်ကို မသိပါ။ မိမိနားလည်သလို စစ်ဆေးစိစစ်၍ တင်ပြကြရာ အမျိုးမျိုးကွဲပြားလျက်ရှိပါသည်။ ခရိုင်အဆင့်တွင်လည်း ထို့အတူပင် ဖြစ်ပါသည်။ ထိုကိစ္စများသည် ယာယီ အခက်အခဲ မဟုတ်ပါ။ အနာဂါတ်တွင် အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများ ဖြစ်စေနိုင်ပါသည်။

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ပြည်သူလူထု သေချာစွာနားမလည်ခြင်း

ဒေသခံပြည်သူအစုအဖွဲ့ပိုင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ပြည်သူလူထုအများစုက နားမလည်ကြပါ။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များပင် သေချာစွာ နားမလည်ကြပါ။ ထိုပုဂ္ဂိုလ်များ နားမလည်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင်၊ လျာထားချက်မပြည့်မီခြင်း၊ အချိန်မီ မပြီးစီးခြင်း၊ အရေအတွက်သာရှိ၍ အရည်အချင်း မပြည့်မီခြင်းများ ဖြစ်လာနိုင်ပါသည်။ အချို့ အသုံးပြုသူအဖွဲ့များမှာ မိမိတို့ ဆောင်ရွက်လိုသည်က တစ်မျိုး၊ ညွှန်ကြားချက်က တစ်မျိုးဖြစ်ပြီး၊ စည်းရုံးဆောင်ရွက်ရန် ခက်ခဲနေကြပါသည်။ ဥပမာ– နှစ်ရှည် သီးနှံစိုက်ရန် မြေငှားရမည့်အစား၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအရ၊ အသုံးပြုသူများအဖွဲ့ဖွဲ့၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် လျှောက်လွှာ တင်နေကြပါသည်။

၅-၂-၄။ **အကျိုးအမြတ်ရရှိရန်အချိန်ကြာခြင်း**

သစ်တောသစ်ပင်၏ သဘာဝသည် စိုက်ပျိုးသီးနှံနှင့် များစွာ ကွာခြားပါသည်။ စိုက်ပျိုး သီးနှံ၏ ထွက်ကုန် (သို့) အကျိုးအမြတ်မှာ တစ်ရာသီပြီးပါက ရရှိနိုင်သော်လည်း သစ်တောသစ်ပင်၏ အကျိုးအမြတ်ကိုရရှိရန် နှစ်များစွာကြာမြင့်ပါသည်။ တိုက်ရိုက် အကျိုးကျေးဇူးထက် မမြင်ရသော သွယ်ဝိုက်အကျိုးကျေးဇူးမှာ ပို၍ပင် နှစ်ရှည်ကြာ နိုင်ပါသည်။ နှစ်ရှည်ထား၍ စောင့်စားရသောကြောင့် တောမီး၊ ပိုးမွှားနှင့် အခြား အဖျက်အဆီးများလည်း ကြုံနိုင်ပါသည်။ အချိန်ကြာလေ အကျိုးအမြတ်အတွက် စိုးရိမ်ရလေ ဖြစ်ပါသည်။ သို့ဖြစ်၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ရန် ဒေသခံပြည်သူများ စိတ်ဝင်စားမှု လျော့နည်းကြခြင်း ဖြစ်ပါသည်။

၅-၂-၅။ **ဆင်းရဲနွမ်းပါးခြင်း၊ လူဦးရေတိုးတက်ခြင်းနှင့်အသိဉာဏ်နည်းပါးခြင်း**

ဆင်းရဲနွမ်းပါးခြင်းသည် သစ်တောပျက်စီးခြင်း၏ အဓိကတရားခံဖြစ်သကဲ့သို့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန်အတွက်လည်း အကန့်အသတ်တစ်ခု ဖြစ်ပါသည်။ အချိန်နှင့်အမျှ ဝမ်းရေးအတွက် ရှာဖွေစားသောက် နေရသူများ အနေဖြင့် စိတ်ပါဝင်စားမှု မရှိနိုင်ပါ။ မြစ်ဝကျွန်းပေါ်ဒေသတွင် အောက်ခြေ ပြည်သူများနှင့်သာ ဆောင်ရွက်လိုသဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရာတွင် ကျပမ်းလုပ်ကိုင်သူများဖြင့် အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းခဲ့ ပါသည်။ ထိုအခါ လုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲဖြစ်စေပါသည်။

လူဦးရေတိုးတက်ခြင်းသည် သစ်တောဖွံ့ဖြိုးမှုကို ထိခိုက်စေသကဲ့သို့ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရာ၌လည်း အဟန့်အတား ဖြစ်စေပါသည်။ သစ်တော၏ ထွက်ရှိနိုင်မှုနှင့် သစ်တောထွက်ပစ္စည်းလိုအပ်မှု မမျှတခြင်းသည် ကာကွယ်ထိန်းသိမ်းရန် ခက်ခဲစေပါသည်။ လိုအပ်ချက်နှင့် ထောက်ပံ့နိုင်မှု ပြဿနာပင် ဖြစ်ပါသည်။ ဖြေရှင်းရန် ခက်ခဲသော အတားအဆီးတစ်ခုဟုလည်း ဆိုနိုင်ပါသည်။

အသိပညာ နည်းပါးခြင်းသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ရာတွင် အခက်အခဲ ဖြစ်စေပါသည်။ မူဝါဒ၊ ဥပဒေနှင့် ညွှန်ကြားချက်များကို သဘောပေါက်ရန် လိုအပ်သကဲ့သို့ တာဝန်ဝတ္တရားနှင့် တားမြစ်ချက်များမှာလည်း မသိမဖြစ်သည့် အချက်များ ဖြစ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းတွင် အဖွဲ့ဝင်များအနေဖြင့် အခြေခံရှိသင့်ရှိထိုက်သော အသိပညာဗဟုသုတ ရှိပါက ပိုမိုအဆင်ပြေနိုင် ပါသည်။

၆။ **သုံးသပ်အကြံပြုချက်**

(က) ပြည်သူမှ လက်တွေ့လိုက်ပါဆောင်ရွက်ရန် အလားအလာရှိသည့် ဒေသများကို ဦးစားပေး လုပ်ကိုင်ရန်၊

(ခ) နိုင်ငံတော်၏ အကျိုးစီးပွားကို ထိပါးမှုမရှိပါက ဓလေ့ထုံးစံအရ ပြဋ္ဌာန်းကျင့်သုံးချက်များ၊ ဓလေ့ထုံးစံအခွင့်အလမ်းများ စသည်တို့ကို လျစ်လျူရှုခြင်း မပြုရန်။

(ဂ) ကျေးလက်ပြည်သူများ အစဉ်အလာအားဖြင့် ကျင့်သုံးလျှက်ရှိသော မြေအသုံးချမှု စနစ်ကိုအခြေခံထား၍ လိုအပ်သလို ပြုပြင်မွမ်းမံပြီး ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) ကျေးရွာအဆင့် သစ်တောသုံးစွဲသူအဖွဲ့များ ပိုမိုခိုင်မာစွာ ရပ်တည်နိုင်ရေးကို စီမံ ဆောင်ရွက်ရန်၊

(င) အစုအဖွဲ့အသွင်သဏ္ဍာန်ဖြင့် ဖွဲ့စည်းလုပ်ကိုင်ခြင်းဖြစ်သော်လည်း တစ်ဦးချင်း၊ မိသားစု တစ်စုချင်း ပိုင်ဆိုင်မှုကို အစုအဖွဲ့၏ မူဘောင်အတွင်းမှ ဖော်ထုတ်ရရှိစေရန်၊ တစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှ လိုက်နာနိုင်မှုမရှိပါက အစုအဖွဲ့တစ်ခုလုံးကိုထိခိုက် မှုမရှိစေရန်နှင့် ပိုင်ဆိုင်မှုအသိပိုမိုမြင့်မားစေရန်၊

(စ) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ UNDP/ FAO နှင့်ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်စသည်တို့၏ စိတ်ဝင်စားမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိရေး မြှင့်တင် ဆောင်ရွက်ရန်၊

(ဆ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများမှ အကျိုးအမြတ်ရယူသုံးစွဲနိုင်ခြင်း မရှိသေး သည့် ထူထောင်ထိန်းသိမ်းဆဲကာလတွင် ကူညီပံ့ပိုးမှုကို ပိုမိုမြှင့်တင်ရန်၊

(ဇ) အစုအဖွဲ့ဖြင့်လုပ်ကိုင်သည့် သဘောဖြစ်သဖြင့်တစ်ဦးချင်း ရေသာခိုမှုကိုဖြစ်ပေါ်စေ နိုင်ပါသည်။ သို့ဖြစ်၍ တစ်ဦးချင်း၏ မိမိကိုယ်ကို မိမိအားကိုးမှု၊ ပိုင်ဆိုင်မှု စသည်တို့ကို ဖော်ထုတ်မြှင့်တင်ရန်၊

(ဈ) ကျေးရွာမှအားထားသူများ သို့မဟုတ် ဦးဆောင်မှုပေးနိုင်သူများ မဟုတ်ပါက အနာဂတ် လုပ်ငန်းများတွင် အခက်အခဲဖြစ်စေပါသည်။ သို့ဖြစ်၍ အသုံးပြုသူများ အဖွဲ့ဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်မှုကော်မတီဝင်များကို လေ့လာအကဲခတ်ရန်နှင့် ကျေးရွာမှ လူကျော်လူမော် များကိုလည်း သတိပြုရန်၊

(ည) အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း ၏ လမ်းညွှန်ဖြစ်သကဲ့သို့၊ သစ်တောဦးစီးဌာနနှင့် အသုံးပြုသူများအဖွဲ့တို့၏ လုပ်ငန်း ဆောင်ရွက်ရန် သဘောတူညီချက်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ အသုံးပြုသူများ အဖွဲ့က ကိုယ်တိုင် ရေးဆွဲစေရေးကို အားပေးမြှင့်တင်ရန်၊

(ဋ) သစ်တောသစ်ပင်ပြုစုထိန်းသိမ်းခြင်းသည် ကာလကြာရှည်စွာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှ သာ အကျိုးရလာဒ်ရရှိနိုင်သဖြင့် ကြားဖြတ်ဝင်ငွေရရှိသော သီးနှံများကိုလည်းကောင်း၊

သီးပင်၊ စားပင်၊ ဘယဆေးပင်တို့ကိုလည်းကောင်း၊ ကြားညှပ်စိုက်ပျိုး ရန်၊ တနည်းအားဖြင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စနစ်ကျင့်သုံးရန်၊ လိုအပ်သော နည်းပညာနှင့် ပူးပေါင်း ဆောင်ရွက်မှုရရှိရေးအတွက် အခြားဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊

(၄) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရာတွင် သဘာဝတောများနှင့် စိုက်ခင်းဟောင်းများရှိပါက အသုံးပြုသူများအဖွဲ့အတွက် သစ်တောပြုစုပျိုးထောင်ခြင်း နည်းစနစ်အရ ဆောင်ရွက်သည့် လုပ်ငန်းများမှ ကြားဖြတ်ဝင်ငွေရရှိရေးကို ဆောင်ရွက်ရန်၊

(၅) သစ်တော ဧရိယာပြင်ပရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများကို ကြီးပြင် ကာကွယ်တော အဖြစ် ဖွဲ့စည်းနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊

## ၇။ ရှေ့အလားအလာ

နှစ် ၃၀ သစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ပြည်သူများပါဝင်သော သစ်တောလုပ်ငန်းအပေါ် အားကိုးအားထားပြုသည့် လုပ်ငန်းစဉ်များ ချမှတ်ထားပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်သည့် သစ်တောအုပ်ချုပ်မှု လုပ်ငန်းမှာ အာရှပစိဖိတ်နိုင်ငံများ၏ အာရုံစူးစိုက်မှုကို တိုးမြှင့်ရရှိလျက်ရှိပါသည်။ သို့ဖြစ်ရာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ၏ ဖြစ်ပေါ်တိုးတက်မှုသည် နှေးကွေးဆဲဖြစ်သော်လည်း၊ နေရာယူနေပြီဖြစ်ကြောင်း တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ကျေးလက်ပြည်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် အုပ်ချုပ်လုပ်ကိုင်သောသဘာဝတောများ၊ စိုက်ခင်း သစ်တောများမှ အကျိုးကျေးဇူးများကို လက်တွေ့ခံစား ရရှိလာသည်နှင့်အမျှ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ ( က )

**HDI စီမံကိန်းဧရိယာများအတွင်း တည်ထောင်ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများစာရင်း**

| စဉ် | စီမံကိန်း | မြို့နယ် | ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | အပူပိုင်းဇုံ | ၃ | ၈၁၀၈.၅၄ | MYA/99/006 |
| ၂။ | ရေဝေရေလဲ | ၅ | ၄၈၂၈၉.၉၁ | MYA/99/007 |
| ၃။ | ဒီရေတော | ၃ | ၁၅၈၂၂.၇၇ | MYA/99/008 |
| | စုစုပေါင်း | ၁၁ | ၇၂၂၂၀.၂၂ | |

ဖစ်မြစ်။ စီမံကိန်းရုံးများမှ စကားပြောကြေးနန်းဖြင့် ပေးပို့ချက် ။

နောက်ဆက်တွဲ ( ခ )

**HDI စီမံကိန်းဧရိယာပြင်ပ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်မှု အခြေအနေ**

| စဉ် | ပြည်နယ်/တိုင်း | တည်ထောင်ပြီးဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ (ဧက) | | |
|---|---|---|---|---|
| | | သဘာဝတော | စိုက်ခင်း | စုစုပေါင်း |
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ကရင် | ၂၅၀ | – | ၂၅၀ |
| ၂။ | ချင်း | ၁၆၀ | – | ၁၆၀ |
| ၃။ | ပဲခူး (အနောက်) | ၂၆၉၇ | – | ၂၆၉၇ |
| ၄။ | မကွေး | ၁၀၄၈ | – | ၁၀၄၈ |
| ၅။ | မန္တလေး | – | – | – |
| ၆။ | ရခိုင် | – | ၁၈၆ | ၁၈၆ |
| ၇။ | ရန်ကုန် | ၇၂၇ | – | ၇၂၇ |
| ၈။ | ဧရာဝတီ | ၅၆၁ | – | ၅၆၁ |
| | စုစုပေါင်း | ၅၄၄၃ | ၁၈၆ | ၅၆၂၉ |

ဖစ်မြစ်။ ပြည်နယ်/တိုင်း သစ်တောဦးစီးဌာနများသို့ စကားပြောကြေးနန်းဖြင့် မေးမြန်းစုဆောင်းချက် ။

နောက်ဆက်တွဲ (ဂ)

## အိမ်ထောင်စု တစ်စု၏ နှစ်စဉ် သစ်တောထွက်ပစ္စည်းအသုံးပြုမှုနှုန်း

| စဉ် | အကြောင်းအရာ | သစ်မာ ကုဗတန် | ထင်း ကုဗတန် | ဝါး လုံးရေ (၀၀၀) | ကြိမ် လုံးရေ (၀၀၀) | လျှော် ပိဿာ | သက်ကယ် ဗျစ် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင် | ၀.၁၁ | ၂.၉၉ | ၁၉၀ | ၄.၀၁ | ၀.၀၅ | ၁၂၀ |
| ၂ | ကယား | ၀.၀၅ | ၂.၆ | ၁၃၀ | ၃.၀၆ | ၀.၀၄ | ၁၀၀ |
| ၃ | ကရင် | ၀.၀၇ | ၂.၃၅ | ၁၁၄ | ၃.၅၂ | ၀.၀၃ | ၉၀ |
| ၄ | ချင်း | ၀.၀၇ | ၃.၅ | ၁၀၀ | ၂.၅၉ | ၀.၀၅ | ၉၀ |
| ၅ | စစ်ကိုင်း | ၀.၂ | ၃.၂ | ၂၁၄ | ၄.၈၅ | ၀.၁ | ၁၉၀ |
| ၆ | တနင်္သာရီ | ၀.၁၁ | ၂.၅ | ၁၁၈ | ၄.၂၆ | ၀.၀၃ | ၁၃၀ |
| ၇ | ပဲခူး | ၀.၁၃ | ၁.၅၅ | ၁၁၈ | ၄.၀၁ | ၀.၀၄ | ၁၂၅ |
| ၈ | မကွေး | ၀.၀၇ | ၂.၅၅ | ၇၈ | ၂.၂ | ၀.၀၂ | ၅၀ |
| ၉ | မန္တလေး | ၀.၀၈ | ၂.၆၅ | ၈၀ | ၂.၁ | ၀.၀၁ | ၅၀ |
| ၁၀ | မွန် | ၀.၀၁ | ၂.၅ | ၈၅ | ၂.၈ | ၀.၀၁ | ၆၀ |
| ၁၁ | ရခိုင် | ၀.၀၁ | ၂ | ၁၁၈ | ၃ | ၀.၀၄ | ၁၁၀ |
| ၁၂ | ရန်ကုန် | ၀.၀၄ | ၀.၉ | ၆၀ | ၂ | ၀.၀၁ | ၆၀ |
| ၁၃ | ရှမ်း | ၀.၂ | ၃.၅ | ၁၃၀ | ၄.၄ | ၀.၀၅ | ၁၄၀ |
| ၁၄ | ဧရာဝတီ | ၀.၀၄ | ၂.၅ | ၁၄၅ | ၄.၁ | ၀.၀၁ | ၈၅ |
| | ပျမ်းမျှ | ၀.၀၈၅ | ၂.၅၂၀၇၁၄ | ၁၂၀ | ၃.၃၅ | ၀.၀၃၅ | ၁၀၀ |

ဖစ်မြစ်။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၈.၁၀.၉၈ ရက်စွဲပါ စာအမှတ်။ စီမံကိန်း/ သ(က)၂/(၁၃၀၈/၉၈)ပူးတွဲ (၂)။

နောက်ဆက်တွဲ (ဃ)

## ကျေးလက်နေလူဦးရေ၊ အိမ်ထောင်စုနှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်

| စဉ် | ပြည်နယ်/ တိုင်း | ၂၀၀၁ ခုနှစ် နှစ်အဆုံးရှိ ကျေးလက်လူဦးရေ | ၂၀၀၁ ခုနှစ် နှစ်အဆုံးရှိ ကျေးလက်အိမ်ထောင်စု | သစ်မာ လိုအပ်ချက် (ကုဗတန်) | ထင်း (ကုဗတန်) (၀၀၀) | ဝါး (ကုဗတန်) (၀၀၀) | ကြိမ် (ကုဗတန်) (၀၀၀) | သျှော် (ကုဗတန်) (၀၀၀) | ဓနို (ပျစ်) (၀၀၀) |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁။ | ကချင် | ၉၉၀၅၈၈ | ၁၉၈၁၁၈ | ၂၁၇၉၂.၉၈ | ၅၉၂၃၇၂.၈၂ | ၃၇၆၄၂.၄၂ | ၇၉၄.၄၅၃ | ၉.၉၀၅၉ | ၂၃၇၇၄.၁၆ |
| ၂။ | ကယား | ၂၁၃၈၁၇ | ၄၂၇၆၃ | ၂၁၃၈.၁၅ | ၁၁၁၁၈၃.၈ | ၅၅၅၉.၁၉ | ၁၀၃.၈၅၄ | ၁.၇၁၀၂ | ၄၂၇၆.၃ |
| ၃။ | ကရင် | ၁၁၇၁၁၄၅ | ၂၃၄၂၂၉ | ၁၆၃၉၆.၀၃ | ၅၅၀၄၃၈.၁၅ | ၂၆၇၀၂.၁၀၆ | ၈၂၄.၄၈၆ | ၇.၀၂၆၈ | ၂၁၀၈၀.၆၁ |
| ၄။ | ချင်း | ၃၅၅၉၅၃ | ၇၁၁၉၁ | ၄၉၈၃.၃၇ | ၂၄၉၁၆၈.၅ | ၇၁၁၉.၁ | ၁၈၄.၃၈၄ | ၃.၅၅၉၅ | ၆၄၀၇.၁၉ |
| ၅။ | စစ်ကိုင်း | ၄၂၉၂၉၉၇ | ၈၅၈၅၉၉ | ၁၇၁၇၁၉.၈ | ၂၇၄၇၅၁၆.၈ | ၁၈၃၇၄၀.၁၈၆ | ၄၁၆၄.၂၀၅ | ၈၅.၈၅၉၉ | ၁၆၃၁၃၃.၈၁ |
| ၆။ | တနင်္သာရီ | ၁၀၈၀၇၉၇ | ၂၁၆၁၅၉ | ၂၃၇၇၇.၄၉ | ၅၄၀၃၉၇.၅ | ၂၅၅၀၆.၇၆၂ | ၉၂၀.၈၃၇ | ၆.၄၈၄၇ | ၂၈၁၀၀.၆၇ |
| ၇။ | ပဲခူး | ၃၉၈၄၄၆၇ | ၇၉၆၈၉၃ | ၁၀၃၅၉၆.၀၉ | ၁၂၃၅၁၈၄.၁၅ | ၉၄၀၃၃.၃၇၄ | ၁၁၉၅.၅၄၀ | ၃၁.၈၇၅၇ | ၉၉၆၁၁.၆၂၅ |
| ၈။ | မကွေး | ၃၅၇၆၇၅၉ | ၇၁၅၃၅၂ | ၅၀၀၇၄.၆၄ | ၁၈၂၄၁၄၇.၆ | ၅၅၇၉၇.၄၅၆ | ၁၅၇၃.၇၇၄ | ၁၄.၃၀၇၀ | ၃၅၇၆၇.၆ |
| ၉။ | မန္တလေး | ၅၁၉၉၈၆၃ | ၁၀၃၉၉၇၃ | ၈၃၁၉၇.၈၄ | ၂၇၅၅၉၂၈.၄၅ | ၈၃၁၉၇.၈၄ | ၂၁၈၃.၉၄၃၃ | ၁၀.၃၉၉၇ | ၅၁၉၉၈.၆၅ |
| ၁၀။ | မွန် | ၁၉၉၅၁၀၃ | ၃၉၉၀၂၁ | ၃၉၉၀.၂၁ | ၉၉၇၅၅၂.၅ | ၃၃၉၁၆.၇၈၅ | ၁၁၁၇.၂၅၈၈ | ၃.၉၉၀၂၁ | ၂၃၉၄၁.၂၆ |
| ၁၁။ | ရခိုင် | ၂၁၄၁၂၈၂ | ၄၂၈၂၅၆ | ၄၂၈၂.၅၆ | ၈၅၆၅၁၂ | ၅၀၅၃၄.၂၀၈ | ၁၂၈၄.၇၆၈ | ၁၇.၃၃၀၂၄ | ၄၇၁၀၈.၁၆ |
| ၁၂။ | ရန်ကုန် | ၄၄၈၆၉၂၇ | ၈၉၇၃၈၅ | ၃၅၈၉၅.၄ | ၈၀၇၆၄၆.၅ | ၅၃၈၄၃.၁ | ၁၇၉၄.၇၇ | ၈.၉၇၃၈၅ | ၅၃၈၄၃.၁ |
| ၁၃။ | ရှမ်း | ၃၇၅၀၀၆၅ | ၇၅၀၀၁၃ | ၁၅၀၀၀၂.၆ | ၂၆၂၅၀၄၅.၅ | ၉၇၅၀၁.၆၉ | ၃၃၀၀.၀၅၇၂ | ၃၇.၅၀၀၆၅ | ၁၀၅၀၀၁.၈၂ |
| ၁၄။ | ဧရာဝတီ | ၅၂၇၉၄၇၀ | ၁၀၅၅၈၉၄ | ၄၂၂၃၅.၇၆ | ၂၆၃၉၇၃၅ | ၁၅၃၁၀၄.၆၃ | ၄၃၂၉.၁၆၅၄ | ၁၀.၅၅၈၉၄ | ၈၉၇၅၁ |
| | စုစုပေါင်း | ၃၈၅၁၉၂၃၃ | ၇၇၀၃၈၄၆ | ၇၁၄၀၈၂.၉၂ | ၁၈၅၃၂၈၂၉.၂၇ | ၉၀၈၁၉၈.၈၄၇ | ၂၅၇၇၁.၄၉၅၇ | ၂၄၉.၂၈၃၂၉ | ၇၅၃၇၉၅.၉၅၅ |

ဇစ်မြစ်။ ဇယား(က)ပါ နှုန်းများကို အခြေခံ၍ တွက်ချက်တင်ပြထားပါသည်။

နောက်ဆက်တွဲ ( င )

## လောင်စာစွမ်းအင်သုံးစွဲမှုရာခိုင်နှုန်းရည်မှန်းချက်များ

| စဉ် | လောင်စာအမျိုးအစား | ၂၀၀၀ | ၂၀၁၀ | ၂၀၂၀ | ၂၀၃၀ |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ရေနံစိမ်း | ၈.၀၀ | ၈.၀၀ | ၉.၀၀ | ၁၀.၀၀ |
| ၂ | သဘာဝဓါတ်ငွေ့ | ၄.၅၀ | ၆.၀၀ | ၁၀.၀၀ | ၁၄.၀၀ |
| ၃ | ကျောက်မီးသွေး | ၀.၄၁ | ၀.၈၀ | ၁.၀၀ | ၂.၀၀ |
| ၄ | ရေအားလျှပ်စစ် | ၆.၀၀ | ၉.၀၀ | ၁၃.၀၀ | ၁၅.၀၀ |
| ၅ | စိုက်ပျိုးရေးဘေးထွက်ပစ္စည်း | ၄.၄၈ | ၆.၈၀ | ၉.၀၀ | ၁၃.၀၀ |
| | ပေါင်း | ၂၃.၃၉ | ၃၀.၆၀ | ၄၂.၀၀ | ၅၄.၀၀ |
| ၆ | ထင်းနှင့်မီးသွေး | ၇၆.၆၁ | ၆၉.၄၀ | ၅၈.၀၀ | ၄၆.၀၀ |
| | ပေါင်း | ၇၆.၆၁ | ၆၉.၄၀ | ၅၈.၀၀ | ၄၆.၀၀ |
| | စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |

ဇစ်မြစ်။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၊ အတွဲ(၂)

နောက်ဆက်တွဲ ( စ )

## ထင်းလောင်စာရရှိသည့်နေရာနှင့် ပမာဏ

| စဉ် | ထုတ်ယူသည့်နေရာဒေသ | ထုတ်ယူသည့်အရေအတွက် (ကုဗတန်သန်းပေါင်း) |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | စိုက်ခင်း | ၀.၁၁ |
| ၂ | အိမ်ခြံဥယျာဉ် | ၄.၀၀ |
| ၃ | ဒေသအစုအဖွဲ့ပိုင်သစ်တော | ၀.၀၃ |
| ၄ | သဘာဝတောများ | ၁၄.၂၄ |
| | စုစုပေါင်း | ၁၈.၃၈ |

ဇစ်မြစ်။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၊ အတွဲ(၂)

နောက်ဆက်တွဲ ( ဆ )

**စိုက်ခင်းအမျိုးအစားအလိုက် ၂၀၀၀ ပြည့်နှစ်အထိ တည်ထောင်ပြီးစိုက်ခင်းများ**

| စဉ် | စိုက်ခင်းအမျိုးအစား | ဧရိယာ (ဧက) | ရာခိုင်နှုန်း |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁။ | စီးပွားရေးစိုက်ခင်း | ၉၁၆,၉၂၇ | ၅၅ |
| ၂။ | ကျေးရွာသုံးထင်းစိုက်ခင်း | ၄၆၆,၂၈၄ | ၂၈ |
| ၃။ | စက်မှုကုန်ကြမ်းစိုက်ခင်း | ၁၂၄,၄၂၉ | ၇ |
| ၄။ | ရေဝေရေလဲစိုက်ခင်း | ၁၆၂,၁၂၂ | ၁၀ |
| | စုစုပေါင်း | ၁,၆၆၉,၇၆၂ | ၁၀၀ |

ဇစ်မြစ် ။ အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်း အတွဲ(၁)

နောက်ဆက်တွဲ ( ဇ )

**ပြည်နယ်/တိုင်းအလိုက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပြီးဧရိယာ**

| စဉ် | ပြည်နယ်/တိုင်း | စိုက်ခင်း (ဧက) | ကြိုးဝိုင်း (ဧက) | ကြိုးပြင် (ဧက) | စုစုပေါင်း ဧရိယာ(ဧက) | အသုံးပြုသည့် အဖွဲ့ဝင်ဦးရေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | ကရင် | - | - | ၂၅၀ | ၂၅၀ | ၁၆ |
| ၂။ | ချင်း | - | ၁၀၀ | ၆၀ | ၁၆၀ | ၇၅ |
| ၃။ | စစ်ကိုင်း | ၅၉၁ | - | - | ၅၉၁ | ၁၀၆၁ |
| ၄။ | မကွေး | ၁၂၅၀ | ၉၈၄.၅ | ၆၃.၉၆ | ၂၂၉၈.၅ | ၂၄၄၃ |
| ၅။ | မန္တလေး | ၂၈၉၀.၇ | ၃၃၄၄.၇ | | ၆၂၃၅.၄ | ၈၇၂၇ |
| ၆။ | ရှမ်း | - | ၁၉၅၆ | ၃၇၆၃.၇၁ | ၅၇၁၉.၇၁ | ၉၇၁ |
| ၇။ | ဧရာဝတီ | - | ၁၄၁၅၁.၃၃ | - | ၁၄၁၅၁.၃၃ | ၃၀၈၉ |
| ၈။ | ရန်ကုန် | - | ၇၂၇ | - | ၇၂၇ | ၅ |
| ၉။ | ပဲခူး(အနောက်) | - | ၂၆၉၇ | - | ၂၆၉၇ | ၃၆၀ |
| ၁၀။ | ရခိုင် | ၁၈၆ | - | - | ၁၈၆ | ၃၁၁ |
| | ပြည်နယ်/တိုင်းစာရင်းချုပ် | ၄၉၁၇.၇ | ၂၃၉၆၀.၅၃ | ၄၁၃၇.၆၇ | ၃၃၀၁၅.၉ | ၁၇၀၅၈ |

ဇစ်မြစ် ။ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန။

နောက်ဆက်တွဲ ( စျ – ၁ )

## ညောင်ရွှေမြို့နယ်အတွင်း တည်ထောင်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော များနှင့် အခြေခံရည်ရွယ်ချက်များ

### အင်းလေးအရှေ့ခြမ်းဒေသ

| စဉ် | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအမည် | ဧရိယာ (ဧက) | သဘာဝတော (ဧက) | စိုက်ခင်း (ဧက) | ကြိုးဝိုင်း/ ကာကွယ်တော | အခြေခံရည်ရွယ်ချက်များ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | ရွှေလင်ပန်း | ၈၂ | ၅၉ | ၂၃ | အင်းလေးအရှေ့ | ဘုန်းတော်ကြီးကျောင်းသာယာရေးနှင့် ကျောင်းသုံးထင်းအတွက် |
| ၂။ | ကန်တော် | ၂၇၆ | ၁၄၁ | ၁၃၅ | ကြိုးဝိုင်း | ကျေးရွာသုံးထင်းနှင့် အင်းလေးကန်စိမ်းလန်းစိုပြေရေး |
| ၃။ | လွယ်ကင် | ၉၁၀ | ၇၄၀ | ၁၇၀ | ကြိုးဝိုင်း | ရေထွက်တောနှင့် တိုင်၊ထင်းရရှိရေး |
| ၄။ | တောင်ပု | ၂၀၃ | ၁၅၃ | ၅၀ | ကြိုးဝိုင်း | ရေထွက်တောထိန်းရန်နှင့် ကျေးရွာထင်းရရှိရေး |
| ၅။ | မိုင်းသောက် | ၁၂၅၀ | ၁၁၅၀ | ၁၀၀ | ကြိုးဝိုင်း | ရေထွက်တောထိန်းရန်နှင့် တိုင်၊ထင်းရရှိရေး |
| ၆။ | ကွန်လုံ | ၆၅ | ၂၅ | ၄၀ | ကြိုးဝိုင်း | ရေထွက်တောထိန်းရန်နှင့် ထင်း၊ တိုင်ရရှိရေး |
| ၇။ | ဘန်းပြင် | ၁၆၀ | ၁၃၀ | ၃၀ | ကြိုးဝိုင်း | ကျေးရွာသုံးထင်းရရှိရေး |
| ၈။ | တပ်ကြီး | ၁၅၅၈ | ၁၄၀၈ | ၁၅၀ | ကြိုးဝိုင်း | ကျေးရွာသုံးထင်းရရှိရေး |
| ၉။ | လွယ်ခေါ | ၁၁၈ | ၈၈ | ၃၀ | အဆိုပြုနောင်တော | ရေထွက်တောထိန်းရန်နှင့် ကျေးရွာသုံးထင်းတိုင်ရရှိရေး |
| ၁၀။ | ဘုရားတောင်/လွယ်နွဲ့ | ၃၀၄ | ၂၉၄ | ၁၀ | ကာကွယ်တော | ကျေးရွာသုံးထင်းတိုင်ရရှိရေး |
| ၁၁။ | ရေပူ/ညောင်လေးပင် | ၁၂၆၅ | ၁၂၂၅ | ၄၀ | ကာကွယ်တော | ရေပူရေထွက်၊ရေအေးရေထွက်တောထိန်းရခြင်း |
| | ပေါင်း | ၆၁၉၁ | ၅၄၁၃ | ၇၇၈ | | |

နောက်ဆက်တွဲ ( ဈ – ၂ )

## ညောင်ရွှေမြို့နယ်အတွင်း တည်ထောင်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများနှင့် အခြေခံရည်ရွယ်ချက်များ

အင်းလေးအနောက်ခြမ်းဒေသ

| စဉ် | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအမည် | ဧရိယာ (ဧက) | သဘာဝတော (ဧက) | စိုက်ခင်း (ဧက) | ကြိုးဝိုင်း/ ကာကွယ်တော | အခြေခံရည်ရွယ်ချက်များ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | ကုန်းသာ | ၅၅၅ | ၅၁၀ | ၄၅ | အနောက်ကာကွယ်တော | တောရကျောင်းရေထွက်တောကျေးရွာသုံး ထင်းတိုင်ရရှိရေး |
| ၂။ | ရေပါယ် | ၂၆၀ | ၁၈၀ | ၈၀ | အနောက်ကာကွယ်တော | သနပ်ခါးရေထွက်ဖိုးဆိုး ဝါးရုံတောရေထွက် ထင်းရရှိရေး |
| ၃။ | တောင်ပိုကြီး | ၆၀၀ | ၅၂၀ | ၈၀ | အနောက်ကာကွယ်တော | ကျေးရွာသုံးထင်းရရှိရေး |
| ၄။ | ညောင်ဝန်း | ၃၆၆ | ၂၇၆ | ၉၀ | အနောက်ကာကွယ် တော | ညောင်ဝန်းရေဦးရေထွက်ခေါင်တိုင် ရေပူစမ်း ရေထွက်ထင်းရရှိရေး |
| ၅။ | လွယ်ငြိမ့် | ၆၀၀ | ၅၀၀ | ၁၀၀ | အနောက်ကာကွယ် တော | ခေါင်တိုင် ရေပူစမ်း ရေထွက်တောနှင့် ထင်းရရှိရေး |
| ၆။ | လက်မောင်းကွေး | ၂၅၀ | ၂၀၀ | ၅၀ | အနောက်ကာကွယ် တော | ကျေးရွာသုံး ထင်းရရှိရေး |
| ၇။ | ကျောက်ငှက် | ၆၇၀ | ၅၉၀ | ၈၀ | အနောက်ကာကွယ် တော | ရေဦးရေထွက် တိုင်ထင်းရရှိရေး |
| ၈။ | ပန်းတင်/သရက်ပင် | ၅၇၄ | ၅၁၄ | ၆၀ | အနောက်ကာကွယ် တော | ကျေးရွာသုံးထင်းရရှိရေး |
| ၉။ | နားရှောင်းလှ | ၂၉၅ | ၁၉၅ | ၁၀၀ | အနောက်ကာကွယ် တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာထင်း ရရှိရေး |
| ၁၀။ | ရန်ကင်း | ၂၅၄ | ၂၂၄ | ၃၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ ထင်း ရရှိရေး |
| ၁၁။ | ဆောင်မြင့် | ၃၆၄ | ၃၄၄ | ၂၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ ထင်း ရရှိရေး |
| ၁၂။ | ကျေးပေါခုံ | ၇၂၇ | ၆၆၂ | ၆၅ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ ထင်းရရှိရေး |
| ၁၃။ | ကျားထွန် (၁) | ၂၄၆ | ၂၁၆ | ၃၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ရေထွက်တော ထင်းတိုင်ရရှိရေး |
| ၁၄။ | ကျားထွန် (၂) | ၇၀ | ၃၀ | ၄၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ တိုင် ထင်းရရှိရေး |
| ၁၅။ | အင်ကြင်းကုန်း | ၁၀၂ | ၉၂ | ၁၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ တိုင် ထင်းရရှိရေး |
| ၁၆။ | မြေဖြူ | ၃၂၇ | ၃၁၇ | ၁၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ တိုင် ထင်းရရှိရေး |
| ၁၇။ | မကျီးဆိမ့် | ၁၂၇၀ | ၁၁၉၅ | ၇၅ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ သုံးတိုင် ထင်းရရှိရေး |
| ၁၈။ | တံတားဦး | ၂၀၆ | ၁၄၆ | ၆၀ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ သုံးတိုင် ထင်းရရှိရေး |
| ၁၉။ | ပိန္နဲကုန်း | ၁၈၅ | ၁၄၀ | ၄၅ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ သုံးတိုင် ထင်းရရှိရေး |
| ၂၀။ | လွယ်တော် | ၁၄၉၆ | ၁၂၈၁ | ၂၁၅ | အနောက်ကာကွယ်တော | ဘီးလူးချောင်း ရေဝေ၊ ကျေးရွာ သုံးတိုင် ထင်းရရှိရေး |
| | ပေါင်း | ၉၄၁၇ | ၈၁၃၂ | ၁၂၈၅ | | |

## ကျမ်းကိုးစာရင်း

၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (၁၉၉၅)

၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းနှင့် ပတ်သက်သည့် တင်ပြချက် (CFDTC) (၂၀၀၁)

၃။ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)

၄။ သစ်တောဥပဒေ (၁၉၉၂)

၅။ အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်း အတွဲ (၁) နှင့် (၂) (၂၀၀၁)

၆။ Decentralization and Devolution of Forest Management in Asia and the Pacific, FAO and RECOFTC (2000)

၇။ The Forest Manual (1961)

# ကျေးဇူးတင်ရှိခြင်း

ဦးချစ်လှိုင် (ညွှန်ကြားရေးမှူး၊ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန) အား ဤစာတမ်းဖြစ်ပေါ်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများနှင့် ပံ့ပိုးမှုများပြုလုပ်ခဲ့သဖြင့်လည်းကောင်း၊ ဦးတင်ချို (အမျိုးသားစီမံကိန်းဒါရိုက်တာ၊ ဒီရေတောစီမံကိန်း)နှင့် ဦးခင်မောင်ညွန့်၊ (လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်စာရင်းအင်းဌာန) တို့အား လိုအပ်သောကိန်းဂဏန်းများ ပံ့ပိုးကူညီခြင်းအတွက်လည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ထို့ပြင်သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာနမှ ကွန်ပျူတာစာစီသူ မထွေးထွေးအေး၊ မသင်းသင်းကြူ၊ ရေဝေရေလဲစီမံကိန်းမှ မနှင်းဝေဦး၊ ရေဝေရေလဲညွှန်ကြားရေးမှူးရုံးမှ မသင်းသင်းခိုင်နှင့် မရီရီခင်တို့ကိုလည်း အချိန်မီပြီးစီးရေးအတွက် ပံ့ပိုးကူညီခဲ့သဖြင့် ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် သစ်တောပညာရှင်များအဖွဲ့မှ လိုလားစွာအားပေးမှုကို ရရှိသောကြောင့် ဤစာတမ်းကို ပြုစုတင်သွင်းနိုင်ခြင်းဖြစ်၍ သစ်တောပညာရှင်များ အဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။